ကြေးမုံ
The Mirror
၁၃၇၂ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်၊ တနင်္လာနေ့၊ (26-7-2010) (၆၄၇၁)

## နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မော်လ်ဒိုက်ဗ်သမ္မတနိုင်ငံ သမ္မတထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၂၆

၂၀၁၀ခုနှစ် ဇူလိုင် ၂၆ ရက်တွင် ကျရောက်သော မော်လ်ဒိုက်ဗ်သမ္မတနိုင်ငံ၏ (၄၅)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် - နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ မော်လ်ဒိုက်ဗ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ မိုဟာမက် နာရှစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

# နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင် အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စစ်ပါရာတီဘာ ဒေဗီဆင်းပတေးလ်၏ ဖိတ်ကြားချက်အရ အိန္ဒိယသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ထွက်ခွာ

နေပြည်တော် ဇူလိုင် ၂၅

**ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စစ်ပါရာတီဘာ ဒေဗီဆင်းပတေးလ်၏ ဖိတ်ကြားချက်အရ အိန္ဒိယသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ယနေ့နံနက် ၉ နာရီ ၁၅ မိနစ်တွင် အထူးလေယာဉ်ဖြင့် နေပြည်တော်မှ ထွက်ခွာသွားကြသည်။**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် ဇနီး ဒေါ်ကြည်ကြည်အုန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးညဏ်ထွန်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်းနှင့် ဇနီး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဇနီး၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်ဦး၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံရုံး ခေတ္တသံရုံး

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**



### ပို့ဆောင်နှုတ်ဆက်

**အိန္ဒိယသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ထွက်ခွာသွားသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့က နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။**

(သတင်းစဉ်)

### နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

၂၆-၇-၂၀၁၀
(တနင်္လာနေ့)

# မြတ်ဗုဒ္ဓ၏ ဂုဏ်ကျေးဇူးတော် ရည်မှန်းပူဇော် မဂ္ဂင်ရှစ်ပါးကျင့်စဉ်တရားများ ပွားများအားထုတ်

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏နေ့ထူးနေ့မြတ် ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့ဖြစ်သည်။

မြတ်ဗုဒ္ဓတရားရှင်သည် မဟာသက္ကရာဇ် ၁၀၃ခုနှစ် ကဆုန်လပြည့်နေ့တွင် မဟာဗောဓိပင်ရင်း၌ မာရ်ငါးပါးကို အောင်မြင်တော်မူကာ သဗ္ဗညုတ ရွှေဉာဏ်တော်ရှင်ဘုရားအဖြစ်သို့ ရောက်ရှိတော်မူခဲ့သည်။ ဘုရားဖြစ်တော်မူပြီး ရက်သတ္တရှစ်ပတ်အကြာတွင် မိဂဒါဝုန်တောသို့ ကြွချီတော်မူခဲ့သည်။

မဟာသက္ကရာဇ် ၁၀၃ခုနှစ် ဝါဆိုလပြည့်နေ့။

က္ကတိပတန မိဂဒါဝုန်တောတစ်ခွင်တွင် သာယာအေးချမ်းလှသည့် ညနေဆည်းဆာ အချိန်အခါသမယ။

မြတ်ဗုဒ္ဓဘုရားရှင်သည် အရှေ့အရပ်၌ လပြည့်ဝန်းထွက်ပြူစ၊ အနောက်အရပ်၌ နေခြည်ဝန်းဝင်ခါစ ရွှေရည်ငွေရည်တို့ သွန်းအပ်သော အချိန်အခါသမယတွင် ပဥ္စဝဂ္ဂီငါးဦးတို့အား ဓမ္မစကြာတရားဦးဒေသနာကို စတင်ဟောကြားတော်မူခဲ့သည်။

မြတ်ဗုဒ္ဓက ဓမ္မစကြာ တရားဦးဒေသနာကို ဟောကြားတော်မူရာတွင် ကာမဂုဏ်အာရုံတို့၌ တွယ်တာကပ်ငြိလျက်ကျင့်သော တစ်ဖက်စွန်းကျင့်စဉ်နှင့် မိမိကိုယ်မိမိပင်ပန်းစွာ နှိပ်စက်အားထုတ်လျက် ကျင့်သော တစ်ဖက်စွန်းကျင့်စဉ်တို့သည် သံသရာမှ မလွတ်မြောက်နိုင်ကြောင်း ပြဆိုတော်မူခဲ့သည်။

မြတ်ဗုဒ္ဓက မဇ္ဈိမပဋိပဒါခေါ်သော အလယ်အလတ် ကောင်းမြတ်သော ကျင့်စဉ်သည်သာလျှင် ဉာဏ်မျက်စိကို ပွင့်လင်းစေပြီး နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်သော ကျင့်စဉ်ဖြစ်ကြောင်း ဟောကြားတော်မူသည်။ သစ္စာလေးပါးမြတ်တရားကို ခွဲခြားပြသပြီး ပစ္စုပ္ပန်နှင့် သံသရာနှစ်ဖြာသော အကျိုးကျေးဇူးပြုနိုင်သော ကျင့်စဉ်အမှန် မဂ္ဂင်ရှစ်ပါးတရားကို ဖွင့်ထုတ်ဟောကြားတော်မူသည်။

မဂ္ဂင်ရှစ်ပါးတရားတွင် မှန်ကန်သောအမြင်၊ မှန်ကန်သောအကြံ၊ မှန်ကန်သောပြောဆိုမှု၊ မှန်ကန်သောအလုပ်၊ မှန်ကန်သောအသက်မွေးမှု၊ မှန်ကန်သောအားထုတ်မှု၊ မှန်ကန်သောအမှတ်ရမှုနှင့် မှန်ကန်သောတည်ငြိမ်မှုတို့ကို ညွှန်ပြထားရာ ဓမ္မစကြာတရားတော်၏ မွန်မြတ်သော ကျင့်စဉ်များဖြစ်ပေသည်။

ဓမ္မစကြာတရားတော်သည် ဆင်းရဲခြင်းဒုက္ခအပေါင်း ချုပ်ငြိမ်းရာ နိဗ္ဗာန်လမ်းကို ညွှန်ပြထားသည်ဖြစ်ရာ ဗုဒ္ဓဘာသာဝင်ပြည်သူအပေါင်းတို့သည် မြတ်ဗုဒ္ဓ၏ဂုဏ်ကျေးဇူးတော်တို့ကို ရည်မှန်းပူဇော်ကြပြီး မဂ္ဂင်ရှစ်ပါး ကျင့်စဉ်တရားများကို နေ့စဉ်ပွားများ ကြိုးစားအားထုတ်ရင်း **အလှူဒါန၊ စောင့်သီလ၊ ပွားကြဘာဝနာ** ဟူသည့် ကုသိုလ်ကောင်းမှုများ မပြတ်ပြုလုပ်သွားကြရမည် ဖြစ်ပါသည်။ ။



## အရေးပေါ်သုံး မြန်မာ့တိုင်းရင်းဆေးသေတ္တာပါ ဆေးရှစ်မျိုး ထောက်ပံ့ခြင်းအခမ်းအနား သထုံမြို့၌ ကျင်းပ

**သထုံ ဇူလိုင် ၂၅**

တိုင်းရင်းဆေးပညာ ဦးစီးဌာနနှင့် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့က ထောက်ပံ့ပေးခဲ့သည့် အရေးပေါ်သုံး မြန်မာ့တိုင်းရင်းဆေးသေတ္တာပါ ဆေးရှစ်မျိုးကို သထုံမြို့နယ်အတွင်းရှိ ကျေးရွာများသို့ ထပ်ဆင့်ထောက်ပံ့ခြင်း အခမ်းအနားကို ဇူလိုင် ၁၃ ရက်တွင် သထုံမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးအေးနိုင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် မြို့နယ်တိုင်းရင်းဆေးမှူး ဦးဇော်မိုးထွေးတို့က အရေးပေါ်သုံး တိုင်းရင်းဆေးသေတ္တာများကို ကျေးရွာအလိုက် ထောက်ပံ့ပေးအပ်ကြသည်။ **(အပေါ်ပုံ)** ထို့နောက် မြို့နယ်တိုင်းရင်းဆေးမှူးက ထောက်ပံ့ပေးအပ်ခဲ့သည့် တိုင်းရင်းဆေးဝါးများ၏ အကျိုးများမှုနှင့် အသုံးပြုပုံတို့ကို ရှင်းလင်းပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(ခရိုင်ပြန်/ဆက်)

**ပြည်သူ့သဘောထား**

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# (၁၀)ကြိမ်မြောက် အာဆီယံကျန်းမာရေးဝန်ကြီးများ အစည်းအဝေး ကျန်းမာရေးဝန်ကြီး ဒေါက်တာကျော်မြင့် တက်ရောက်

နေပြည်တော် ဇူလိုင် ၂၅

**ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၂၁ရက်မှ ၂၃ရက်အထိ စင်ကာပူသမ္မတနိုင်ငံ၌ ကျင်းပသည့် (၁၀)ကြိမ်မြောက် ASEAN ကျန်းမာရေးဝန်ကြီးများအစည်းအဝေး၊ (၄)ကြိမ်မြောက် ASEAN +3 ကျန်းမာရေးဝန်ကြီးများ အစည်းအဝေးနှင့် (၃)ကြိမ်မြောက် ASEAN + China ကျန်းမာရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။**



**ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာ ကျော်မြင့် စင်ကာပူသမ္မတနိုင်ငံ၌ ကျင်းပသည့် (၁၀) ကြိမ်မြောက် ASEAN ကျန်းမာရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်စဉ်။**
(ကျန်းမာရေး)

ဝန်ကြီး ဒေါက်တာကျော်မြင့် ခေါင်းဆောင်သောအဖွဲ့သည် ဇူလိုင် ၂၁ရက် မွန်းလွဲ ၂နာရီတွင် စင်ကာပူသမ္မတနိုင်ငံ Shangri- La ဟိုတယ်၌ ကျင်းပသည့် အရှေ့အာရှကျန်းမာရေးဆိုင်ရာမူဝါဒဆွေးနွေးပွဲသို့ တက်ရောက်သည်။ ဆွေးနွေးပွဲတွင် စင်ကာပူသမ္မတနိုင်ငံ ကျန်းမာရေးဝန်ကြီး Mr. Khaw Boon Wan က အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် ပညာရှင်သုံးဦးတို့က အရည်အသွေးပြည့်ဝပြီး ကုန်ကျစရိတ်နည်းပါးသော ကျန်းမာရေးစောင့်ရှောက်မှုများကို လူအများရရှိရေးအတွက် နည်းလမ်းသစ်များဖြင့် ဆောင်ရွက်ခြင်း၊ ဦးစားပေး ကျန်းမာရေးပြဿနာများ ဖော်ထုတ်ရာတွင် ကျန်းမာရေးပြဿနာများကို လေ့လာသုံးသပ်ခြင်း၊ ကျန်းမာရေးလုပ်သားများ မွေးထုတ်ခြင်းနှင့် သင်တန်းများပေးခြင်း ခေါင်းစဉ်တို့ကို ဆွေးနွေးကြရာ တက်ရောက်လာကြသူများက အဖွဲ့သုံးဖွဲ့ခွဲ၍ ပြန်လည်သုံးသပ်ကြကာ ဆွေးနွေးပွဲများကို ညနေပိုင်းတွင် ရုပ်သိမ်းသည်။

ဝန်ကြီး ဒေါက်တာကျော်မြင့်သည် ဇူလိုင် ၂၂ ရက်တွင် စင်ကာပူသမ္မတနိုင်ငံ Shangri- La ဟိုတယ် အစည်းအဝေးခန်းမ၌ ကျင်းပသည့် ASEAN ကျန်းမာရေးဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိများ ပါဝင်သော အလွတ်သဘောဆွေးနွေးပွဲသို့ တက်ရောက်၍ ဆွေးနွေးပြောကြားရာတွင် ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ ကာကွယ်နှိမ်နင်းရေးအတွက် လေဆိပ်၊ ဆိပ်ကမ်းနှင့် နယ်စပ်ဝင်ပေါက်ဂိတ်များတွင် ရောဂါစောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းလုပ်ငန်းများကို အဓိက ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်းနှင့် ဒေသအတွင်း သွေးလွန်တုပ်ကွေးရောဂါသည် ရာသီဥတု ပြောင်းလဲဖြစ်ပေါ်မှုကြောင့် ပြန်လည်အဖြစ်များလာမှု ရှိကြောင်း၊ ပြည်သူ့ကျန်းမာရေး ပြဿနာတစ်ရပ်အနေဖြင့် ဖြစ်ပွားနေမှုကို ASEAN နိုင်ငံများအတွင်း ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ကြောင်း တင်ပြသည်။

မလေးရှား၊ ဖိလစ်ပိုင်နှင့် စင်ကာပူနိုင်ငံများကလည်း ရာသီဥတုပြောင်းလဲဖြစ်ပေါ်မှုကြောင့် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှု ပိုမိုများပြားလာသည်ကို တင်ပြဆွေးနွေးကြပြီး သုတေသနရှာဖွေပြုလုပ်ရန် သဘောတူညီကြကာ အဖွဲ့ဝင်နိုင်ငံများက နှစ်စဉ် ဇွန် ၁၅ ရက်ကို ASEAN DENGUE နေ့အဖြစ် သတ်မှတ်ပြီး ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်သွားကြရန် သဘောတူညီကြသည်။

ဆက်လက်၍ (၁၀)ကြိမ်မြောက် ASEAN ကျန်းမာရေးဝန်ကြီးများ အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၂၂ ရက်တွင် စင်ကာပူသမ္မတနိုင်ငံ Shangri-La ဟိုတယ်အစည်းအဝေးခန်းမ၌ ကျင်းပရာ ASEAN အဖွဲ့ဝင်နိုင်ငံများမှ ကျန်းမာရေးဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ၊အခြားဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် သဘာပတိ စင်ကာပူသမ္မတနိုင်ငံ ကျန်းမာရေးဝန်ကြီး Mr. Khaw Boon Wan က အဖွင့်မိန့်ခွန်းပြောကြားသည်။

ထို့နောက် ASEAN ကျန်းမာရေးဝန်ကြီးများသည် " Healthy People , Health ASEAN" ခေါင်းစဉ်ဖြင့် နိုင်ငံအလိုက်ဆောင်ရွက်ထားရှိမှု လုပ်ငန်းများနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို တင်ပြဆွေးနွေးကြရာ ဝန်ကြီး ဒေါက်တာကျော်မြင့်လည်း ပါဝင်ဆွေးနွေးပြောကြားသည်။

ယင်းနောက် အစည်းအဝေးအစီအစဉ်များကို ဆက်လက်ကျင်းပရာ ၂၀၀၉ ခုနှစ် ဒီဇင်ဘာ ၇ရက်မှ ၉ရက်အထိ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ကျင်းပခဲ့သည့် (၅)ကြိမ်မြောက် ASEAN Senior Official Meeting for Health Delegate အစည်းအဝေး အစီရင်ခံစာများ၊ (၁၀)ကြိမ်မြောက် ASEAN ကျန်းမာရေးဝန်ကြီးများ အစည်းအဝေး၊ (၄)ကြိမ်မြောက် ASEAN + 3ကျန်းမာရေးဝန်ကြီးများ အစည်းအဝေးနှင့် (၃)ကြိမ်မြောက် ASEAN + China ကျန်းမာရေးဝန်ကြီးများ အစည်းအဝေးအတွက် အဆင့်မြင့်အရာရှိကြီးများ၏ ကြိုတင်ညှိနှိုင်းဆွေးနွေးပွဲများမှ အစီရင်ခံစာများ၊ ဝန်ကြီးများ အစည်းအဝေးအတွက်ဆွေးနွေးရမည့် အချက်အလက်များကို အတည်ပြုကြသည်။

ဆက်လက်၍ (၁၀)ကြိမ်မြောက် အာဆီယံကျန်းမာရေးဝန်ကြီးများ အစည်းအဝေး၏ ပူးတွဲကြေညာစာတမ်းကို တင်ပြဆွေးနွေးရာ ဒုတိယအာဆီယံအတွင်းရေးမှူးချုပ် Dato Misran Karmain တက်ရောက်ဆွေးနွေးပြီး အတည်ပြုကာ (၁၁)ကြိမ်မြောက် အာဆီယံ ကျန်းမာရေးဝန်ကြီးများ အစည်းအဝေးကို ထိုင်းနိုင်ငံတွင် ကျင်းပရန် အတည်ပြုဆုံးဖြတ်ကြပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများသည် စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ဝန်ကြီး ဒေါက်တာကျော်မြင့်သည် ဇူလိုင် ၂၃ရက်တွင် စင်ကာပူသမ္မတနိုင်ငံ Shangri-La ဟိုတယ် အစည်းအဝေးခန်းမ၌ ကျင်းပသည့် (၄)ကြိမ်မြောက် ASEAN + 3 ကျန်းမာရေးဝန်ကြီးများ အစည်းအဝေးနှင့် (၃)ကြိမ်မြောက် ASEAN + China ကျန်းမာရေးဝန်ကြီးများအစည်းအဝေးများသို့ တက်ရောက်သည်။ အစည်းအဝေးတွင် သဘာပတိအဖြစ် စင်ကာပူသမ္မတနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး Mr. Khaw Boon Wan က ဆောင်ရွက်ပြီး ယမန်နေ့က ကျင်းပခဲ့သော (၁၀)ကြိမ်မြောက် ASEAN ကျန်းမာရေးဝန်ကြီးများ အစည်းအဝေးတွင် တင်ပြဆွေးနွေးခဲ့သည့် Healthy People, Healthy ASEAN အပေါ် တရုတ်၊ ဂျပန်နှင့် ကိုရီးယားနိုင်ငံတို့မှ ကျန်းမာရေးဝန်ကြီးများက နိုင်ငံအလိုက် ယင်းတို့၏အမြင်များကို ဆွေးနွေးကြသည်။

ဝန်ကြီး ဒေါက်တာကျော်မြင့်က ASEAN + 3 ၏ ကျန်းမာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းများတွင် တိုင်းရင်းဆေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလားအလာများကို ဆွေးနွေးတင်ပြခဲ့သည်။

ယင်းနောက် ASEAN+3 ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ ပူးတွဲကြေညာစာတမ်းကို ထုတ်ပြန်ပြီး (၅)ကြိမ်မြောက် ASEAN + 3 ကျန်းမာရေးဝန်ကြီးများ အစည်းအဝေးနှင့် (၄)ကြိမ်မြောက် ASEAN + China ကျန်းမာရေးဝန်ကြီးများ အစည်းအဝေးတို့ကို ထိုင်းနိုင်ငံတွင် ကျင်းပရန် အတည်ပြုဆုံးဖြတ်ကြ၍ ကြေညာစာတမ်းထုတ်ပြန်ကာ အစည်းအဝေး ကျင်းပပြီးစီးသွားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကျန်းမာရေးဝန်ကြီးများသည် စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် အဖွဲ့သည် ယမန်နေ့တွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## အိမ်ရာအဆောက်အအုံနှင့် နေထိုင်မှုပြပွဲ(၂၀၁၀) Massimo Luxury Leather Sofa ပါဝင်ပြသ

**ရန်ကုန် ဇူလိုင် ၂၅**

ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ အိမ်ရာအဆောက်အအုံနှင့် နေထိုင်မှုပြပွဲ(၂၀၁၀)ကို ဇူလိုင် ၂၄ရက်မှ ၂၇ရက်ထိ ခင်းကျင်းပြသလျက်ရှိသည်။

ပြပွဲလာပရိသတ်များအတွက် HTOO GROUP OF COMPANIES လက်အောက်ရှိ Aureum Palace Hotel Resorts မှ စားသောက်ဖွယ်ရာများကို အဖိုးနှုန်းချိုသာစွာဖြင့် တည်ခင်းရောင်းချလျက်ရှိသည်။

**ဆက်သွယ်ဝယ်ယူနိုင်**

ထို့ပြင် Nat Ray Co., Ltd. မှ Massimo Luxury Leather ဆိုဖာများကို အထူးခင်းကျင်းပြသထားပြီး ကုန်ပစ္စည်းသစ် မိတ်ဆက်ပွဲအနေဖြင့် ဝယ်ယူသုံးစွဲသူများအား အထူးလျှော့ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိသည်။ ထို့ပြင် Dunlopillo တံဆိပ်မွေ့ရာများနှင့် Aussino အိပ်ရာအခမ်းအနား အသုံးအဆောင်ပစ္စည်းများတို့ကိုပါ ခင်းကျင်းပြသရောင်းချပေးလျက်ရှိသည်။ ပြပွဲအပြီးတွင် Bed Talk Furniture အမှတ်(၁၃၆) ဗိုလ်မြတ်ထွန်းလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၉၇၅၈၅နှင့် ၂၀၁၆၂၀ တို့သို့ ဆက်သွယ်ဝယ်ယူရရှိနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

**သစ်တောသစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုး အလှတိုး**

☆ ရှေ့ဖုံးမှ

ယာယီ တာဝန်ခံတို့က နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့နှင့်အတူ ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များအဖြစ် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့်ဇနီး ဒေါ်ခင်စောနှင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့်ဇနီး၊စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသူရမြင့်အောင်နှင့် ဇနီး၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးတင်နိုင်သိန်း၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညာဏ်ဝင်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဇော်၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး သူရဦးမြင့်မောင်၊ ကာကွယ်ရေးဝန်ကြီးဌာန ဆေးဝန်ထမ်း ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူးဗိုလ်ချုပ်သန်းအောင်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါသွားကြသည်။ (သတင်းစဉ်)

# တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် ခရမ်း၊ သုံးခွနှင့် သန်လျင်မြို့နယ်တို့၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လှည့်လည်ကြည့်ရှု

ရန်ကုန် ဇူလိုင် ၂၅

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၂၄ ရက် မွန်းလွဲပိုင်းတွင် ခရမ်းမြို့နယ် ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးကာ ခွဲစိတ်ဆောင်နှင့် ဓာတ်မှန်ဆောင်တို့ကို ကြည့်ရှုစစ်ဆေးသည်။**

ထို့နောက် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ခန်းမ၌ ကျင်းပသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်ရာ တာဝန်ရှိသူတစ်ဦးက ဒေသဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းမှူးက အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ တိုင်းမှူးသည် ကွမ်းမိုးဒိန်းစံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲမှ ဆရာ၊ ဆရာမများအား ကျောင်းဝတ်စုံ ပေးအပ်ပွဲနှင့် ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ တာဝန်ရှိသူများနှင့်အတူ ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် တိုင်းမှူးသည် အပျိုကြီးတဲစုကျေးရွာ၌ စုပေါင်းဓာတ်မြေဩဇာ ကြဲပက်နေမှုကို ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် သုံးခွအနောက်ကျေးရွာ စပါးမျိုးသန့် စိုက်ပျိုးထုတ်လုပ်မှု နည်းပညာလက်တွေ့ပြသပွဲနှင့် စုပေါင်းတမန်းနှိုးပေါင်းလိုက်ပွဲသို့ တက်ရောက်ကြည့်ရှုအားပေးကာ လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းမှူးသည် ကုလားဝဲကျေးရွာ စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ တာဝန်ရှိသူတို့နှင့် အတူ စာကြည့်တိုက်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် စာကြည့်တိုက်အတွက် အလှူငွေ၊ သွပ်ချပ်များနှင့် စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းကြကာ စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်ကိုလေး Food Safety & Quality Control of Fish and Fishery Products (1/2010) သင်တန်းဆင်းပွဲတွင် သင်တန်းသားတစ်ဦးအား သင်တန်းဆင်းလက်မှတ် ပေးအပ်စဉ်။** (မွေး/ရေ)

# ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ မြို့တော်ဝန် ဦးဖုန်းဇော်ဟန် ကြည့်ရှုအားပေး

**နေပြည်တော် ဇူလိုင် ၂၅**

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဖုန်းဇော်ဟန်သည် ဇူလိုင် ၂၂ ရက် နံနက်ပိုင်းတွင် ချမ်းမြသာစည်မြို့နယ်၌ ကျင်းပသော ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ၊ ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်နေမှုများ၊ ခြင်ဆေးဖျန်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ရေတွင်းရေကန်များ၌ ခြင်မပေါက်ပွားရေးဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးပြီး ခြင်ကြောင့် ဖြစ်ပွားတတ်သောရောဂါများ တားဆီးကာကွယ် နှိမ်နင်းရေးလုပ်ငန်း လိုအပ်ချက်များကို တာဝန်ရှိသူများအား မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ချမ်းမြသာစည်မြို့နယ် အတွင်း ရေနုတ်မြောင်း ဆယ်ယူရှင်းလင်းခြင်းလုပ်ငန်းများနှင့် ရွှေတချောင်းမြောင်း မြေထိန်းနံရံ တည်ဆောက်မှုလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**ဇူလိုင် ၁၇ ရက်က ၂၀၀၉-၂၀၁၀ တက္ကသိုလ်ဝင်စာမေးပွဲ၌ အထက(၃)ကမာရွတ်မှ ငါးဘာသာဂုဏ်ထူးရှင် မောင်ကျော်ဇင်သန့်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းနွဲ့ ဆုချီးမြှင့်စဉ်။** (ပညာရေး)

# ငါးလုပ်ငန်းဆိုင်ရာ သင်တန်းဖွင့်ပွဲနှင့် သင်တန်းဆင်းပွဲများ ကျင်းပ

**ရန်ကုန် ဇူလိုင် ၂၅**

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော ရေချိုငါးမျိုးများ ဆေးထိုးသားဖောက်ခြင်းနှင့် ငါးမျိုးဗီဇမြှင့်တင်ရေးဆိုင်ရာ နည်းပညာပေးသင်တန်း အမှတ်စဉ် (၁/၂၀၁၀) ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၂၂ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ်ရှိ လှော်ကားငါးလုပ်ငန်းစခန်း၌ ကျင်းပရာ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်ကိုလေး တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။ အဆိုပါသင်တန်းသို့ ငါးလုပ်ငန်းဦးစီးဌာန ပြည်နယ်နှင့်တိုင်း ငါးမွေးမြူရေးစခန်းများမှ ဝန်ထမ်းများနှင့် ပုဂ္ဂလိကမွေးမြူသူ သင်တန်းသား ၃၆ ဦးတို့ တက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တတစ်ပတ်ကြာမြင့်မည်ဖြစ်သည်။

အလားတူ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနနှင့် မြန်မာနိုင်ငံ ရေထွက်ပစ္စည်း ထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းဖွင့်လှစ်ခဲ့သော Food Safety & Quality Control of Fish and Fishery Products (1/2010)သင်တန်းဆင်းပွဲ အခမ်းအနားကို ဇူလိုင် ၂၃ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါ ခန်းမဆောင်၌ ကျင်းပရာ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်ကိုလေး တက်ရောက်၍ သင်တန်းဆင်း အမှာစကား ပြောကြားသည်။


ထို့နောက် ညွှန်ကြားရေးမှူးချုပ်က သင်တန်းဆင်းလက်မှတ်များ ပေးအပ်ပြီး သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။ အဆိုပါသင်တန်းသို့ ငါး/ပုစွန် ပြုပြင်ထုတ်လုပ်သည့် အအေးခန်း စက်ရုံများမှ ဝန်ထမ်း ၃၁ ဦးတို့ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**ဇူလိုင် ၂၃ ရက်က ဒလမြို့နယ် မြို့နယ်အဆင့် ကျောင်းကျန်းမာရေး ပညာပေးဟောပြောပွဲကျင်းပရာ မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာတင်ထူးလှိုင် အဖွင့်အမှာစကားပြောကြားစဉ်။**

(ကြေးမုံ)





# အလိမ္မာ စာမှာရှိ

**ရောဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးသန်း ကျောင်းကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီး မီးဘေးလုံခြုံရေးနှင့် ကာကွယ်ရေးအတွက် မီးသတ်စက်၊ မီးသတ် ရေကန်၊ ရေစက်ရုံထားရှိမှုနှင့် ကြိုတင်ကာကွယ်ရေးဆောင်ရွက်ထားရှိမှုကို လိုက်လံကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမျိုးတင့်နှင့် ဈေးကော်မတီအတွင်းရေးမှူးဦးမောင်မောင်တို့ ရှင်းလင်းတင်ပြစဉ်။** (၃၆၅)



# မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ လက်ပံတန်းမြို့နယ်၌ ကျင်းပ

**လက်ပံတန်း ဇူလိုင် ၂၅**

သာယာဝတီခရိုင် လက်ပံတန်းမြို့နယ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ဇူလိုင် ၁၇ရက် နံနက် ၉နာရီက လက်ပံတန်းမြို့ လှေကျင့်ရေး ဂေါက်ကွင်း၌ ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနေမျိုးသန့်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးခင်မောင်လတ်နှင့် သစ်တောဦးစီးအရာရှိ ဦးထွန်းလွင်၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျေးရွာသူကျေးရွာသားများ တက်ရောက်ကြသည်။

သစ်ပင်စိုက်ပျိုးပွဲသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနေမျိုးသန့်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးခင်မောင်လတ်နှင့် သစ်တောဦးစီးအရာရှိ ဦးထွန်းလွင်တို့က အဖွဲ့အစည်းအသီးသီးနှင့် ဌာနဆိုင်ရာများသို့ သစ်ပင်များပေးအပ်ခဲ့ပြီး ကျွန်းပင် ၂၄၀၀၊ ယင်းမာ ၄၀၀၊ ယူကလစ် ၁၀၀၊ ယမနေ ၁၀၀ စုစုပေါင်းအပင် ၃၀၀၀ စိုက်ပျိုးခဲ့သည်။ **(အောက်ပုံ)**

(မြို့နယ်ပြန်/ဆက်)



# သတိပေးနှိုးဆော်ချက်

ယာဉ်မတော်တဆဖြစ်ပွားမှုများအား လေ့လာရာတွင် ယာဉ်မောင်းသူတို့၏ ပေါ့ဆမှုတို့ကြောင့် ဖြစ်ပွားသကဲ့သို့ လမ်းအသုံးပြုသူ(ခြေကျင်သွားလာသူ)များ၏ စည်းကမ်းမလိုက်နာမှုများကြောင့်လည်း ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရပါသည်။

လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် ယာဉ်များအတွက် မီးစိမ်းထားချိန်တွင် လမ်းသွားလမ်းလာများအနေဖြင့် လမ်းဖြတ်ကူးခြင်းမပြုဘဲ စောင့်ဆိုင်းရန်နှင့် ယာဉ်များမှလည်း လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် အရှိန်လျှော့မောင်းနှင်ရန် လိုအပ်ပါသည်။

လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များအနေဖြင့်လည်း လူကူးမျဉ်းကျားမှသာ အချက်ပြထိန်းသိမ်းမှုအတိုင်း စနစ်တကျလမ်းဖြတ်ကူးကြရန်နှင့် အချက်ပြထိန်းသိမ်းမှုမရှိသောနေရာများမှ လမ်းကူးပါက **"ဘယ်ကြည့်၊ ညာကြည့်၊ ဘယ်ပြန်ကြည့်၊ ညာပြန်ကြည့် လမ်းရှင်းမှကူး"** စနစ်ဖြင့် သွားလာကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

## ယူကရိန်းရောက် ရုရှားဝန်ကြီးချုပ် ပူတင် ဟာလီဒေဗစ်ဆင်ဆိုင်ကယ် စီး၍ နိုင်ငံတကာဆိုင်ကယ်သမားများ နှစ်စဉ်တွေ့ဆုံပွဲသို့ သွားရောက်

**ဆီဗက်စ်တိုပို ဇူလိုင် ၂၅**

ရုရှားနိုင်ငံဝန်ကြီးချုပ် ဗလာဒီမာပူတင်သည် ဟာလီဒေဗစ်ဆင်မော်တော်ဆိုင်ကယ်တစ်စီးကို အရှိန်ပြင်းပြင်းဖြင့် စီး၍ ယူကရိန်းနိုင်ငံတောင်ပိုင်း၌ ကျင်းပနေသည့် နိုင်ငံတကာ ဆိုင်ကယ်သမားများ တွေ့ဆုံပွဲသို့ စနေနေ့က သွားရောက်ခဲ့ကြောင်း အေပီသတင်းတစ်ပုဒ်တွင် ဖော်ပြထားသည်။

ယူကရိန်းနိုင်ငံ ဆီဗက်စ်တိုပိုမြို့၌ နှစ်စဉ်ကျင်းပလေ့ရှိသော နိုင်ငံတကာ ဆိုင်ကယ်သမားများ တွေ့ဆုံပွဲသို့ ဥရောပနှင့် ကမ္ဘာတစ်လွှားမှ မော်တော်ဆိုင်ကယ်သမား ၅၀၀၀မျှ စုရုံးရောက်ရှိနေကြောင်းသိရသည်။

ရုရှားဝန်ကြီးချုပ် ဗလာဒီမာပူတင်သည် ယူကရိန်းခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးရန် ယူကရိန်းနိုင်ငံ၌ ရောက်ရှိနေစဉ်အတွင်း ကမ္ဘာတစ်လွှားမှ ဆိုင်ကယ်သမားများ တွေ့ဆုံပွဲသို့ ရောက်ရှိခဲ့ခြင်းဖြစ်သည်။

နေကာမျက်မှန်၊ ဂျင်းအင်္ကျီအနက်နှင့် ဆိုင်ကယ်စီးလက်အိတ်တို့ ဝတ်ဆင်ထားသော ရုရှားဝန်ကြီးချုပ်သည် အလွန်ဟန်ကျနေပုံရပြီး စိတ်လှုပ်ရှားတက်ကြွနေသော လူအုပ်ကြီးကို ၎င်း၏ သုံးဘီးတပ် ဟာလီဒေဗစ်ဆင် ဆိုင်ကယ်ပေါ်မှ ပြုံးပြုံးရွှင်ရွှင်ဖြင့် လက်ဝှေ့ယမ်းနှုတ်ဆက်ခဲ့ကြောင်း သတင်းတွင် ဖော်ပြထားသည်။

ဆိုင်ကယ်သမားများနှင့် တွေ့ဆုံရာတွင် ပူတင်က ယာဉ်အန္တရာယ်လုံခြုံမှု တိုးမြှင့်ရေးလှုပ်ရှားမှုတွင် စုစုစည်းစည်း ပါဝင်ကြရန် တိုက်တွန်းပြောကြားခဲ့သည်။

**အင်တာနက်။**



**ယူကရိန်းနိုင်ငံ ဆီဗက်စ်တိုပိုမြို့အနီးရှိ ကမ္ဘာတစ်လွှားမှ ဆိုင်ကယ်သမားများ စုရုံးတွေ့ဆုံရာနေရာသို့ ဟာလီဒေဗစ်ဆင် ဆိုင်ကယ်စီး၍ ရောက်ရှိလာသော ရုရှားဝန်ကြီးချုပ် ပူတင်ကို ဇူလိုင် ၂၄ ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

## ဂျာမနီတေးဂီတပွဲတော်အတွင်း လူအုပ်အနင်းခံရမှုကြောင့် သေဆုံးသူ ၁၉ ဦးရှိ

**ဒီးစ်ဘက်ဂ် ဇူလိုင် ၂၅**

ဂျာမနီနိုင်ငံတွင် ကျင်းပခဲ့သော ကမ္ဘာ့အကြီးဆုံး တေးဂီတပွဲတော်သို့ ဝင်ရောက်ရမည့် ဝင်ပေါက်အဖြစ် သတ်မှတ်ထားသော ဥမင်လမ်းအတွင်း လူများ အလွန်အကျွံပြည့်ကျပ်ကာ စုပြုံတိုးဝှေ့၍ လဲကျသူများကို လူအုပ်ကြီးက ပြန်နင်းမိသဖြင့် သေဆုံးသူ ၁၉ ဦးအထိ ရှိခဲ့ပြီဖြစ်ကြောင်း တနင်္ဂနွေနေ့ သတင်းများတွင် ဖော်ပြသည်။

ယင်းဖြစ်ရပ်ဆိုးကြောင့် ဂျာမနီတစ်နိုင်ငံလုံး တုန်လှုပ်ခဲ့ရပြီး သတင်းများတွင်လည်း ယင်းဖြစ်စဉ်ကို အသားပေး ဖော်ပြခဲ့ကြသည်။ ယခုတေးဂီတပွဲတော်ထက် ပိုမိုခမ်းနားကြီးကျယ်သော ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမျိုးကိုပင် ချောချောမွေ့မွေ့ ကျင်းပပေးနိုင်ခဲ့သော ဂျာမနီနိုင်ငံ၌ ယခုဖြစ်ရပ်ဆိုး ပေါ်ပေါက်ခဲ့ရခြင်းကို ဂျာမနီနိုင်ငံသား အတော်များများ အံ့အားသင့်ခဲ့ကြရသည်။

အဆိုပါ ဂီတပွဲတော်ဖြစ်ရပ်ဆိုးတွင် ဒဏ်ရာရရှိသူ ၃၄၂ဦးအထိ ရှိခဲ့ကြောင်း ဂျာမနီရဲတပ်ဖွဲ့က ထုတ်ပြန်ကြေညာသည်။

မေတ္တာချီတက်ပွဲဟု အမည်ပေးထားသော ယင်းတေးဂီတပွဲတော်သည် ငြိမ်းချမ်းပျော်ရွှင်ဖွယ် ကောင်းသည့် ပွဲတော်တစ်ရပ်ဖြစ်ခဲ့သော်လည်း ယခုဖြစ်ရပ်ဆိုးကြောင့် အရုပ်ဆိုးခဲ့ရပြီဖြစ်ကြောင်း ပွဲစီစဉ်သူက သတင်းဌာနများသို့ ပြောကြားသည်။

ထိုဂီတပွဲတော်ကို မည်သည့်အခါတွင်မျှ ထပ်မံကျင်းပတော့မည် မဟုတ်ကြောင်း ၎င်းက ထုတ်ဖော်ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

## အီဂျစ်သမ္မတ ယူဂန္ဒာခရီးစဉ် ပယ်ဖျက်

**ကိုင်ရို ဇူလိုင် ၂၅**

ယူဂန္ဒာနိုင်ငံ၌ ကျင်းပနေသည့် အာဖရိကသမဂ္ဂ ထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်ရန် အစီအစဉ်ကို အီဂျစ်သမ္မတ ဟိုစ်နီမူဘာရက်သည် စနေနေ့တွင် ဖျက်သိမ်းလိုက်သည်။

မည်သည့်အတွက်ကြောင့် အစီအစဉ်ဖျက်သိမ်းရသည်ကိုမူ ပြောကြားခြင်း မပြုသော်လည်း ၎င်းကိုယ်စား ဝန်ကြီးချုပ်က ကမ်ပါလာမြို့တော်၌ ကျင်းပနေသော ယင်းထိပ်သီးအစည်းအဝေးသို့ သွားရောက်မည်ဟု နိုင်ငံပိုင်သတင်းဌာနက ဖော်ပြသည်။

ပြီးခဲ့သည့် ရက်သတ္တပတ်က မူဘာရက်သည် ဆွေးနွေးပွဲအစီအစဉ်များကို အချိန်ရွှေ့ဆိုင်းခဲ့ရာ ၎င်း၏ ကျန်းမာရေးနှင့် ပတ်သက်၍ စိုးရိမ်မှုများ အီဂျစ်နိုင်ငံအတွင်း ဖြစ်ပေါ်ခဲ့သည်။

ယူဂန္ဒာခရီးစဉ်သည် ၎င်း၏ကျန်းမာရေးအခြေအနေကောင်းမွန်ကြောင်း ပြသရာရောက်မည်ဟု အီဂျစ်တာဝန်ရှိသူများက စောစောပိုင်းတွင် ပြောကြားခဲ့သည်။ သမ္မတ မူဘာရက် (၈၂)နှစ်သည် မတ်လအတွင်း၌ ဂျာမနီနိုင်ငံသို့ သွားရောက်၍ သည်းခြေအိတ်ခွဲစိတ်ကုသမှု ခံယူခဲ့ရသည်။ **အင်တာနက်။**




## ပီရူးတွင် အပူချိန် အနုတ် ၂၄ဒီဂရီဆဲလ်စီးယပ်စ်ထိ ကျဆင်း နိုင်ငံတောင်ပိုင်းဒေသ၌ အရေးပေါ်အခြေအနေကြေညာထား

**လီမာ ဇူလိုင် ၂၅**

ပီရူးအစိုးရက အအေးဒဏ်ပြင်းထန်စွာ ခံစားနေရသော ဒေသများ၌ အရေးပေါ်အခြေအနေ ကြေညာထားကြောင်း ဇူလိုင် ၂၄ ရက် သတင်းများတွင်ဖော်ပြသည်။ အအေးဒဏ်ပြင်းထန်စွာ ခံစားနေကြရသော ဒေသအများစုသည် ပီရူးနိုင်ငံ တောင်ပိုင်း၌ တည်ရှိသည်။ ယင်းဒေသများ၌ အပူချိန်သည် နှစ်စဉ်နှစ်တိုင်း သုည ဒီဂရီဆဲလ်စီးယပ်စ်အောက် ကျဆင်းလေ့ရှိသော်လည်း ယခုနှစ်တွင် အနုတ် ၂၄ ဒီဂရီဆဲလ်စီးယပ်စ်အထိ အပူချိန်ကျဆင်းခဲ့ကြောင်း သိရသည်။

အရေးပေါ်အခြေအနေ ကြေညာထားရသော ဒေသ ၁၆ခုသို့ ဆေးဝါးများ၊ စောင်များနှင့် အမိုးအကာများ ထောက်ပံ့နိုင်ရေးအတွက် ဒေသန္တရအာဏာပိုင်များက စီစဉ်နေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

ညပိုင်းတွင် အပူချိန် အနုတ် ၂၀ ဒီဂရီဆဲလ်စီးယပ်စ်ထိ ကျဆင်းနိုင်သော ပီရူးနိုင်ငံတောင်ပိုင်းဒေသများတွင် နေထိုင်သူတို့သည် အအေးဒဏ်နှင့်ဆက်နွှယ်သည့် အဆုတ်အအေးမိခြင်းကဲ့သို့သော ဝေဒနာများ ခံစားကြရပြီး ရာနှင့်ချီ၍သေဆုံးခဲ့ကြရသည်။ သေဆုံးသူ ထက်ဝက်နီးပါးခန့်မှာ ကလေးများဖြစ်ကြောင်း သိရသည်။

**အမ်အင်အေ၊ရိုက်တာ။**

## လေယာဉ်အပိုင်စီး၍ အကြမ်းဖက်မည့်အန္တရာယ် တားဆီးရေးလေ့ကျင့်ခန်း ဗြိတိန်ဘုရင့်လေတပ်မတော် တိုက်လေယာဉ်များ လေ့ကျင့်

**လန်ဒန် ဇူလိုင် ၂၅**

ဗြိတိန်နိုင်ငံ ဘုရင့်လေတပ်မတော်မှ တိုက်လေယာဉ်များသည် အကြမ်းဖက်သမားများ၏ လေယာဉ်အပိုင်စီးမှုများ ပေါ်ပေါက်လာပါက ပြန်လည်တုံ့ပြန်နိုင်ရန် လေ့ကျင့်မှုများပြုလုပ်ခဲ့ကြောင်း ဇူလိုင် ၂၄ရက် သတင်းများတွင်ဖော်ပြသည်။

အကြမ်းဖက်သမားများက ခရီးသည်တင်လေယာဉ်များကို အပိုင်စီး၍ ၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ရက် တိုက်ခိုက်မှုပုံစံအတိုင်း လုပ်ဆောင်ရန် ကြံစည်လာပါက တိုက်လေယာဉ်မှူးများက ယင်းခရီးသည်တင်လေယာဉ်ကို ပစ်ချရမည်ဟုဆိုသည်။

အဆိုပါလေ့ကျင့်မှုတွင် ယူရိုဖိုက်တာ တိုက်လေယာဉ်နှစ်စင်းပါဝင်ပြီး လင်ကွန်းရှိုင်းယားပြည်နယ်ရှိ ဘုရင့်လေတပ်မတော် လေတပ်အခြေစိုက်စခန်း၌ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

၂၀၀၁ခုနှစ် စက်တင်ဘာ ၁၁ရက်တွင် အမေရိကန်ပြည်ထောင်စုရှိ ကမ္ဘာ့ကုန်သွယ်ရေးဗဟိုဌာန အမြွှာအဆောက်အအုံနှစ်လုံး အကြမ်းဖက်တိုက်ခိုက်ခံခဲ့ရပြီး နောက်ပိုင်းတွင် ခရီးသည်တင်လေယာဉ်ကို ပြန်ပေးဆွဲကာ အကြမ်းဖက်တိုက်ခိုက်ရန် ကြံစည်လာပါက ယင်းခရီးသည်တင်လေယာဉ်အား ပစ်ချရမည်ဆိုသည့် မူဝါဒကို ဗြိတိန်နိုင်ငံက ကိုင်စွဲထားသည်။ **အင်တာနက်။**



**ဂျာမနီနိုင်ငံ၌ ကျင်းပသော တေးဂီတပွဲတော်သို့ ဝင်ရောက်ရာလမ်းဖြစ်သော ဥမင်လမ်းအတွင်း လူများ အလွန်အကျွံပြည့်ကျပ်ကာ စုပြုံတိုးဝှေ့မှုကြောင့် ဘေးလွတ်ရာသို့ ထွက်ပြေးနေသူများကို တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

## ဂါဇာကမ်းမြောင်အခြေစိုက် စစ်သွေးကြွများ အစ္စရေးတောင်ပိုင်းကို ဒုံးကျည်များဖြင့် ပစ်ခတ်

**ဂျေရုဆလင် ဇူလိုင် ၂၅**

ဂါဇာကမ်းမြောင်အခြေစိုက် စစ်သွေးကြွများသည် အစ္စရေးနိုင်ငံတောင်ပိုင်းကို စနေနေ့က ဒုံးကျည်လေးစင်းဖြင့် ပစ်ခတ်ခဲ့ကြောင်း အစ္စရေးစစ်ဘက် ပြောရေးဆိုခွင့်ရှိသူက တနင်္ဂနွေနေ့တွင် ပြောကြားသည်။

ယင်းဒုံးကျည်များကြောင့် အပျက်အစီးနှင့် အသေအပျောက်မရှိခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။ ယခုနှစ်စပိုင်းမှ စတင်၍ ဂါဇာအခြေစိုက်စစ်သွေးကြွများသည် အစ္စရေးနိုင်ငံတောင်ပိုင်းကို ဒုံးကျည်သို့မဟုတ် စိန်ပြောင်းများဖြင့် အကြိမ် ၉၀ခန့် ပစ်ခတ်တိုက်ခိုက်ခဲ့သည်ဟု ဆိုသည်။

အစ္စရေးနိုင်ငံကို ပါလက်စတိုင်းဒေသမှနေ၍ ဒုံးကျည်များဖြင့် နေ့စဉ်ပစ်ခတ်မှုကို တားဆီးရပ်တန့်ရန် ၂၀၀၈ခုနှစ် ဒီဇင်ဘာလက အစ္စရေးတပ်ဖွဲ့များသည် ဂါဇာကမ်းမြောင်ဒေသကို ထိုးစစ်တစ်ရပ်ဆင်နွှဲခဲ့သည်။ ယင်း ၂၂ရက်ကြာ ထိုးစစ်အတွင်း ပါလက်စတိုင်း ၁၄၀၀ခန့်နှင့် အစ္စရေး ၁၃ ဦး သေဆုံးခဲ့ရသည်။

ယင်းထိုးစစ်ဆင်နွှဲအပြီး ဂါဇာအခြေစိုက် စစ်သွေးကြွများ၏ လှုပ်ရှားမှုများသည် တစ်နှစ်ကြာမျှ ငြိမ်သက်ခဲ့ပြီးနောက် ယခုနှစ်အတွင်း ဒုံးကျည်ပစ်ခတ်တိုက်ခတ်မှုများ ပြန်လည် လုပ်ဆောင်လာခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

## ရုရှားဈေးအတွင်း ပစ်ခတ်မှုဖြစ်ပွား နှစ်ဦးသေဆုံး

**မော်စကို ဇူလိုင် ၂၅**

ရုရှားနိုင်ငံတောင်ပိုင်း ဆာမာရာမြို့တွင် စနေနေ့က စားသောက်ကုန်ရောင်းသော ဈေးတစ်ဈေး၌ လုံခြုံရေးအစောင့်များကို သေနတ်သမားတစ်စုက ဝင်ရောက်ပစ်ခတ်ရာ အနည်းဆုံး နှစ်ဦးသေဆုံးပြီး ငါးဦးဒဏ်ရာရရှိကြောင်း စုံစမ်းစစ်ဆေးသူများက ပြောကြားသည်။

အနည်းဆုံး တိုက်ခိုက်ရေးသမား ခြောက်ဦးပါသောအဖွဲ့သည် ကားသုံးစီးဖြင့် ဈေးသို့ရောက်လာကာ လက်နက်ငယ်များဖြင့် ပစ်ခတ်ပြီးနောက် ထွက်ပြေးသွားကြကြောင်း ရုရှားစုံစမ်းရေး ကော်မတီ၏ ကြေညာချက်တွင် ဖော်ပြထားသည်။

ဒဏ်ရာရရှိခဲ့သူ လူငါးဦးကို ဆေးရုံတင်ထားရသည် ဟုဆိုသည်။

ရုရှားနိုင်ငံ၏ စီးပွားရေးလုပ်ငန်းငယ်များသည်ပင် လုံခြုံရေးအစောင့်များ ငှားရမ်းထားကြပြီး စီးပွားရေးအရ အငြင်းပွားမှုများ ပေါ်ပေါက်လျှင် တစ်ဖွဲ့နှင့်တစ်ဖွဲ့ အကြမ်းဖက် တိုက်ခိုက်မှုများ အသွင်သို့ ပြောင်းသွားလေ့ရှိသည်။

ဆာမာရာဈေးသည် ပိုင်ရှင် အပြောင်းအလဲဖြစ်ပေါ်မည်ဖြစ်ကြောင်း နိုင်ငံပိုင် ရုပ်မြင်သံကြားမှ ကြေညာခဲ့သည်။

**အမ်အင်အေ၊ဆင်ဟွာ။**

## တာလီဘန်ထိန်းချုပ်သောနယ်မြေအတွင်း ဝင်ရောက်ခဲ့သည့် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး ပျောက်ဆုံး တာလီဘန်များ၏ ပစ်ခတ်မှုကြောင့် တစ်ဦးသေဆုံးပြီး တစ်ဦးအဖမ်းခံရကြောင်း သတင်းထွက်ပေါ်

**ကဘူး ဇူလိုင် ၂၅**

အာဖဂန်နစ္စတန်နိုင်ငံ၌ အမေရိကန်ရေတပ် တပ်ဖွဲ့ဝင်နှစ်ဦးသည် ဇူလိုင် ၂၃ ရက်က တာလီဘန်များ ထိန်းချုပ်ထားသော နယ်မြေအတွင်း ဝင်ရောက်ခဲ့ရာ ပျောက်ဆုံးသွားကြောင်း သတင်းများတွင် ဖော်ပြသည်။ ယင်းပျောက်ဆုံးသွားသော တပ်ဖွဲ့ဝင်နှစ်ဦးကို အလုံးအရင်းဖြင့် ရှာဖွေနေဆဲဖြစ်ကြောင်း အမေရိကန်ပူးတွဲစစ်ဦးစီးချုပ်များအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး မိုက်မူလန်က ပြောကြားသည်။

အတည်ပြုခြင်းမရှိသေးသော သတင်းများအရ အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး အနက် တစ်ဦးမှာ တာလီဘန်များနှင့် အပြန်အလှန်ပစ်ခတ်မှုတွင် သေဆုံးခဲ့ပြီး အခြားတစ်ဦးကို တာလီဘန်များက ဖမ်းဆီးခဲ့ကြောင်း သိရသည်။

အေပီသတင်းဌာနက တာလီဘန်အဖွဲ့ကို ဆက်သွယ်မေးမြန်းခဲ့ရာတွင် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးသည် တာလီဘန်တို့၏ နယ်မြေအတွင်းသို့ မော်တော်ယာဉ်တစ်စီးဖြင့် ဝင်ရောက်လာကြောင်း၊ တာလီဘန်အဖွဲ့နှင့် အပြန်အလှန် ပစ်ခတ်မှုဖြစ်ပွားစဉ် တစ်ဦးသေဆုံး၍ အခြားတစ်ဦး ဖမ်းဆီးခဲ့ရကြောင်း တာလီဘန် ပြောရေးဆိုခွင့်ရှိသူက ပြန်လည်ဖြေကြားခဲ့သည်။

ပစ်ခတ်မှုဖြစ်စဉ်တွင် သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင်၏ ရုပ်အလောင်းနှင့် ဖမ်းဆီးခံထားရသော စစ်သွေးကြွများကို အပြန်အလှန်လဲလှယ်ရန် တာလီဘန်များက တောင်းဆိုခဲ့ကြောင်း အာဖဂန်တာဝန်ရှိသူ တစ်ဦးက တနင်္ဂနွေနေ့တွင် ပြောကြားသည်။ **အင်တာနက်။**

## လေကြောင်းပျံသန်းမှုမှတ်တမ်းတင်ကိရိယာတီထွင်သူ ကွယ်လွန်

**ဆစ်ဒနီ ဇူလိုင် ၂၅**

ကမ္ဘာတစ်ဝန်း လေကြောင်းခရီးစဉ်များ၏ ဘေးအန္တရာယ်လုံခြုံရေးစနစ်ကို တစ်ခေတ်ပြောင်းစေခဲ့သော သေတ္တာနက်ခေါ် လေကြောင်းပျံသန်းမှု မှတ်တမ်းတင်ကိရိယာကို တီထွင်ခဲ့သည့် ဩစတြေးလျနိုင်ငံသား ဒေးဗစ်ဝါရင်သည် အသက် (၈၅)နှစ်အရွယ်တွင် ကွယ်လွန်ခဲ့ပြီဖြစ်ကြောင်း ဇူလိုင် ၂၁ရက် သတင်းများတွင် ဖော်ပြသည်။

ဒေးဗစ်ဝါရင် တီထွင်ခဲ့သော လေကြောင်းပျံသန်းမှုမှတ်တမ်းတင်ကိရိယာသည် လေယာဉ်မတော်တဆမှုပေါင်းများစွာ၏ အကြောင်းရင်းကို စုံစမ်းစစ်ဆေးရာတွင် များစွာ အထောက်အကူပြုခဲ့သည်။

ဒေးဗစ်ဝါရင်သည် ဇူလိုင် ၁၉ ရက်က ကွယ်လွန်ခဲ့ခြင်းဖြစ်ကြောင်း သတင်းများတွင် ဖော်ပြသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

တစ်ပတ်အတွင်း နိုင်ငံတကာသတင်းရှုခင်း

ဗျည်းနွဲ့

# ကဘူးညီလာခံအပြီး အာဖဂန်ရဲ့ ရှေ့ခရီးနဲ့ ကမ္ဘာ့အကြီးဆုံး ရေချိုအိုင်ကြီးရဲ့ပြဿနာ

**ယနေ့ကမ္ဘာကြီးရဲ့ နိုင်ငံရေး၊ စစ်ရေးတင်းမာမှုတွေအနက်က တောင်အာရှရဲ့ ပြဿနာမီးတောက်တစ်ခုဖြစ်တဲ့ အာဖဂန်နစ္စတန်က နိုင်ငံခြားတပ်ဖွဲ့တွေ ဆုတ်ခွာရေးအပါအဝင် အာဖဂန်နစ္စတန်ရဲ့ အနာဂတ်အရေးအတွက် နိုင်ငံတကာညီလာခံတစ်ရပ်ကို ကဘူးမြို့မှာ ပြီးခဲ့တဲ့အပတ်က ပြုလုပ်ခဲ့ကြပါတယ်။ ဗုံးသံ၊ သေနတ်သံတွေအကြား ကျင်းပခဲ့တဲ့ ဒီညီလာခံကြီးရဲ့ အခြားမဲ့မှာ အာဖဂန်နစ္စတန်ရဲ့ ရှေ့ခရီးက စိတ်ဝင်စားဖို့ကောင်းလှပါတယ်။**

**တစ်ချိန်တည်းမှာပဲ လူ့ပယောဂနဲ့ သဘာဝပတ်ဝန်းကျင် ပျက်ယွင်းမှုဆိုင်ရာ စိတ်ဝင်စားဖွယ်သတင်းတစ်ပုဒ်လည်း ပေါ်ထွက်လာပါတယ်။ အဲဒီသတင်းကတော့ ရုရှားနိုင်ငံ ဆိုက်ဗေးရီးယားဒေသက ဘိုင်ကယ်ရေအိုင်ကြီးကို ရေထုညစ်ညမ်းမှုကြောင့် ကမ္ဘာ့သဘာဝအမွေအနှစ်စာရင်းထဲက ဖယ်ထုတ်ဖို့ အလားအလာတွေရှိနေတယ်ဆိုတဲ့အကြောင်းပါ။ စစ်မက်ဖက်ပြိုင်မှုတွေ၊ ပဋိပက္ခတွေနှင့် ပူပြင်းတောက်လောင်နေတဲ့ ကမ္ဘာကြီးမှာ လူနှင့် သဘာဝပတ်ဝန်းကျင်အကြား ပဋိပက္ခဟာလည်း တစ်ပူပေါ်နှစ်ပူဆင့်တဲ့ ပြဿနာတစ်ရပ်လို့ ဆိုနိုင်ပါတယ်။**

## ရင်မောဖွယ် အာဖဂန်ရှေ့ခရီး

အာဖဂန်အစိုးရနှင့် နိုင်ငံတကာအသိုင်းအဝိုင်းအကြား ပြုလုပ်ခဲ့တဲ့ သမိုင်းဝင် ကဘူးညီလာခံကြီးကတော့ ပြီးဆုံးခဲ့ပါပြီ။ ဒါပေမယ့် ဒီညီလာခံကြီးက ပုံဖော်ပေးတဲ့ အာဖဂန်ရဲ့ ရှေ့ဆက်ရမယ့်ခရီးလမ်းက ပန်းခင်း လမ်းလား၊ ဆူးခင်းလမ်းလားဆိုတာကိုတော့ အပြောရခက်လှပါတယ်။ ညီလာခံကျင်းပနေတဲ့ကာလမှာ ကဘူးလ်မြို့ပေါ်က စီးပွားရေးရပ်ဝန်းတွေကို ပိတ်ထားခဲ့ပါတယ်။ လမ်းတွေပေါ်မှာ အတားအဆီးအမျိုးမျိုး၊ ဈေးတွေကလဲ ပိတ်လို့။ ညီလာခံ တက်ရောက်မယ့် ကိုယ်စားလှယ်တော်ကြီးတွေကို မှဲ့တစ်ပေါက်မစွန်းရအောင် တင်းကျပ်ထားတဲ့ လုံခြုံရေးအစီအမံတွေအောက်မှာ ကဘူးလ်မြို့သားတွေရဲ့ နေ့စဉ်ဘဝဟာ မလူးသာ မလွန့်သာ ဖြစ်ခဲ့ရတယ်လို့ သတင်းများက ဆိုပါတယ်။ တာလီဘန်တွေကတော့ ဒီညီလာခံကြီးကို မဟာမိတ်များနှင့် အာဖဂန်အစိုးရတို့ရဲ့ ရှုံးနိမ့်မှုလက္ခဏာလို့ အမည်တပ်ကြပါတယ်။

ကဘူးညီလာခံမှာ အာဖဂန်မှ နိုင်ငံခြားတပ်ဖွဲ့များ ရုပ်သိမ်းရေးအတွက် ကာလဘောင်တစ်ရပ်ချမှတ်ခဲ့တာကို တွေ့ရပါတယ်။ တကယ်တော့ အာဖဂန်နစ္စတန်ကပေးတဲ့ သင်ခန်းစာတွေထဲကတစ်ခုကိုပြပါဆိုရင် အာဖဂန်ပြဿနာကို အဆုံးသတ်ဖို့ စစ်ရေးနည်းလမ်းနဲ့ ဖြေရှင်းလို့မရဘူးဆိုတဲ့အချက်ကို ပြရမှာပါ။ ဒါကြောင့် နိုင်ငံခြားတပ်ဖွဲ့တွေ အရေအတွက် ထပ်တိုးရင်လည်း အာဖဂန်ပြဿနာကို ဖြေရှင်းနိုင်မှာ မဟုတ်ပါဘူး။ အလားတူ နိုင်ငံခြားတပ်ဖွဲ့တွေ ရုပ်သိမ်းသွားလို့လဲ အာဖဂန်ဟာ တည်ငြိမ်အေးချမ်းတဲ့ နိုင်ငံတစ်နိုင်ငံအဖြစ် ပြောင်းသွားမှာ မဟုတ်ပါဘူး။

အာဖဂန်မြေပေါ်ကို တပ်တွေပို့ခဲ့တဲ့ ပြည်ပနိုင်ငံတွေနဲ့ အာဖဂန်အစိုးရတို့က ဒေါ်လာ ၂၆ ဘီလီယံမျှကို စီမံခန့်ခွဲမှု အလွဲတွေနဲ့ အဟောသိကံဖြစ်အောင် သုံးစွဲခဲ့တဲ့ ကိုးနှစ်တာဆိုတဲ့အချိန်ကို တာလီဘန်တို့က ကောင်းကောင်းကြီး အသုံးချနိုင်ခဲ့ပါတယ်။ အာဖဂန်ပြည်သူတွေအတွက် အကျိုးရှိမယ့် စီမံကိန်းတွေကို ဖော်ဆောင်ပေးပြီး အမှားများကိုပြုပြင်ဖာထေးဖို့ အခွင့်အလမ်းရှိခဲ့ပေမယ့် အာဖဂန်အစိုးရနဲ့ အနောက်နိုင်ငံစုံ မဟာမိတ်တွေဟာ ဒီအခွင့်အရေးကို ရအောင်မယူခဲ့ပါဘူး။

အာဖဂန်အရေးဆိုပြီး ခေါင်းစဉ်တပ်ထားတဲ့ ညီလာခံများစွာကို ကျင်းပခဲ့ဖူးပါပြီ။ ဒါပေမယ့် အကျိုးဖြစ်ထွန်းမှုက နည်းနည်းသာရှိခဲ့ပါတယ်။ စီမံခန့်ခွဲမှုညံ့ဖျင်းခြင်းနှင့် အစိုးရအဖွဲ့အတွင်း ခြစားမှုပြဿနာတွေကြောင့် အလှူရှင်နိုင်ငံတွေက ထောက်ပံ့တဲ့ငွေကြေးတွေကလည်း အိတ်ပေါက်နှင့် ဖားကောက်နေရတဲ့အဖြစ်နှင့်ပဲ တိုးခဲ့ရပါတယ်။ မဟာမိတ်တွေက မင်းသားကြီးဆိုပြီး စင်တင်ပေးခဲ့တဲ့ အာဖဂန်အစိုးရအဖွဲ့ဟာ စင်ပေါ်ရောက်မှ "ဖိုးသင်းမျောက်" အဖြစ်မျိုးနှင့် ကြုံနေရပြီလို့ လေ့လာသူတွေက သုံးသပ်ကြပါတယ်။

## အရောင်မှိန်လာတဲ့ဆိုက်ဗေးရီးယားရဲ့ ပုလဲရတနာ

စက္ကူနှင့် ပျော့ဖတ်စက်ရုံကြောင့် ရေထုညစ်ညမ်းမှုပြဿနာနှင့် ကြုံနေရတဲ့ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဘိုင်ကယ်ရေအိုင်ကို ကုလသမဂ္ဂက အဲဒီစာရင်းထဲကနေ ပြန်ဖယ်ထုတ်မယ့်အလားအလာတွေ တွေ့နေရပါတယ်။ ရုရှားနိုင်ငံက ဘိုင်ကယ်ရေအိုင်ကြီးဟာ ကမ္ဘာ့အနက်ရှိုင်းဆုံးနဲ့ သက်တမ်းအရင့်ဆုံး သဘာဝရေချိုအိုင်ကြီးဖြစ်ပါတယ်။ ဒါ့အပြင် ကမ္ဘာ့ရေချိုအရင်းအမြစ်ရဲ့ ငါးပုံတစ်ပုံနှင့် ရှားပါးထူးဆန်းတဲ့ ရေသတ္တဝါတွေ ပျော်စံရာ ရေအိုင်ကြီးလည်းဖြစ်ပါတယ်။

ဘရာဇီးနိုင်ငံမှာကျင်းပမယ့် ကမ္ဘာ့သမိုင်းဝင် အမွေအနှစ်များ ကော်မတီရဲ့ (၃၄)ကြိမ်မြောက်အစည်းအဝေးမှာ စက္ကူနှင့် ပျော့ဖတ်စက်ရုံက စွန့်ထုတ်လိုက်တဲ့ စွန့်ပစ်ရေများကြောင့် ဘိုင်ကယ်ရေအိုင်ရဲ့ ဂေဟစနစ်အပေါ် အကျိုးသက်ရောက်မှုတွေကို ဆွေးနွေးကြမှာဖြစ်ပါတယ်။ ၁၉၆၆ ခုနှစ် ဆိုဗီယက်ခေတ်မှာ တည်ဆောက်ခဲ့တဲ့ အဲဒီစက္ကူနှင့် ပျော့ဖတ်စက်ရုံဟာ ဘိုင်ကယ်ရေအိုင်ကြီးရဲ့ အရှေ့တောင်ကမ်းခြေမှာ ရှိပါတယ်။ ရေအိုင်ကြီးဘေးက သင်းကွဲမြို့လေးဖြစ်တဲ့ ဘိုင်ကယ်မြို့လေးက မြို့သူ၊ မြို့သားတွေဟာ ဒီစက်ရုံကို အဓိကအားပြုပြီး နေထိုင်ခဲ့ကြတာပါ။ ဒီစက်ရုံက ထွက်ရှိတဲ့ စွန့်ပစ်ရေတွေကို ဘိုင်ကယ်ရေအိုင်ထဲ စွန့်ထုတ်နေကြောင်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးသမားတွေက ဆိုပါတယ်။ ရုရှားဂေဟဗေဒသိပ္ပံပညာရှင်တွေနှင့် ပုဂ္ဂလိက ပရဟိတအဖွဲ့အစည်းတွေကလည်း ဒီစက်ရုံကို ပိတ်ပစ်ဖို့ တိုက်တွန်းခဲ့ကြပါတယ်။

ပြဿနာက ဒီစက်ရုံကိုပိတ်ရင် ဘိုင်ကယ်မြို့သူ၊ မြို့သားတွေ ဘယ်စီးပွားရေးကို မှီခိုကြရမလဲဆိုတာပါ။ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကို အခြေတည်ဖွံ့ဖြိုးအောင်လုပ်ဖို့ အကြံပေးချက်တွေ ပေါ်ထွက်လာပေမယ့် ဆိုက်ဗေးရီးယားရဲ့ ကြမ်းတမ်းတဲ့ ရာသီဥတုကြောင့် ဘိုင်ကယ်မြို့သူ၊ မြို့သားတွေက ခရီးသွားလုပ်ငန်းကို မျှော်လင့်ချက်မထားရဲကြဘူးလို့ ဆိုပါတယ်။

ဒါပေမယ့် ဂေဟဗေဒပညာရှင်တွေကတော့ စက္ကူစက်ရုံက စွန့်ပစ်တဲ့ ဒိုင်အိုစင်နှင့် တန်ထောင်ပေါင်းများစွာသော အခြားအဆိပ်သင့် ဘေးထွက်ပစ္စည်းတွေဟာ ရေကန်ကြီး တစ်ခုလုံးရဲ့ ဂေဟစနစ်ကို မပျက်စီးစေရင်တောင်မှ ယင်းရေအိုင်ထဲမှာ ကျက်စားတဲ့ ရှားပါးရေသတ္တဝါတွေအတွက် အန္တရာယ်ရှိတယ်လို့ ဆိုပါတယ်။



စက္ကူနှင့် ပျော့ဖတ်စက်ရုံနှင့် ဘိုင်ကယ်ရေအိုင်ကြီး။

# တိုင်းမှူးတံခွန်စိုက်ဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲဖွင့်ပွဲ တိုင်းမှူး ဗိုလ်ချုပ်ရာပြည့် တက်ရောက်အားပေး

**နေပြည်တော် ဇူလိုင် ၂၅**

အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးတံခွန်စိုက်ဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၂၁ ရက်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့ မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရာပြည့်၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့များ၊ နယ်မြေခံတပ်ရင်း/ တပ်ဖွဲ့မှူးများ၊ အရာရှိ/ စစ်သည်၊ မိသားစုဝင်များနှင့် ပြိုင်ပွဲဝင်အားကစားအသင်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး ဖွင့်ပွဲ ပွဲစဉ် ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးသည်။ ဆက်လက်၍ တိုင်းမှူးသည် ကျောက်နီ ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်း လျှပ်စစ် မြစ်ရေတင်စီမံကိန်းသို့ရောက်ရှိပြီး လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ ရှင်းလင်းပြသမှုများအပေါ် လိုအပ်သည်များ ဖြည့်ဆည်းမှာကြားသည်။

ယင်းနောက် တိုင်းမှူးသည် တောင်ကြီးတပ်နယ် မိုးစပါးစုပေါင်းစိုက်ခင်းများကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# မြန်မာ့ဘောလုံးအကယ်ဒမီ မန္တလေးမှ နည်းပြသုံးဦး ဂျပန်နိုင်ငံသို့ လေ့လာရေးသွားရောက်

**ရန်ကုန် ဇူလိုင် ၂၅**

ဂျပန်နိုင်ငံ၏ ဘောလုံးဖွံ့ဖြိုးတိုးတက်မှုနှင့် လူငယ်ဘောလုံးဖွံ့ဖြိုးရေးစီမံကိန်းများ၊ ဘောလုံးအကယ်ဒမီများ ဖွင့်လှစ်တည်ထောင်နေမှုများကို လေ့လာသိရှိနိုင်ရန်နှင့် မြန်မာဘောလုံးအကယ်ဒမီတွင် အဆင့်မြင့်ဘောလုံး လေ့ကျင့်ရေး နည်းစနစ်များကို ပြန်လည်သင်ကြားပေးနိုင်ရန်ရည်ရွယ်၍ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၏ စီစဉ်ပေးမှုဖြင့် မြန်မာဘောလုံးအကယ်ဒမီ(မန္တလေး)မှ လေ့ကျင့်ရေးတာဝန်ခံ ဦးသန်းလွင်၊ ယူ-၁၅ သင်တန်းနည်းပြ ဦးခင်ထွန်းဦး၊ ယူ-၁၁ သင်တန်းနည်းပြ ဦးအောင်ကျော်တို့သည် ဇူလိုင် ၂၁ ရက် ညနေပိုင်းက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။**(အောက်ပုံ)**



**လေ့လာမည်**

အဆိုပါ လေ့လာရေးအဖွဲ့သည် ဂျပန်နိုင်ငံတွင် ဇူလိုင် ၂၆ ရက်အထိ တစ်ပတ်ကြာနေထိုင်ကာ J-Village ရှိဘောလုံးအကယ်ဒမီများ၊ အားကစားစင်တာများကို လိုက်လံလေ့လာသွားမည်ဖြစ်သည်။ (ကြေးမုံ)

# သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

# မိုးကုတ်မြို့၌ မိုးရာသီသစ်ပင်စိုက်ပျိုး

**နေပြည်တော် ဇူလိုင် ၂၅**

မိုးကုတ်မြို့နယ် သစ်တောဦးစီးဌာနက ကြီးမှူးကျင်းပသည့် ၂၀၁၀ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၁ ရက် နံနက် ၈ နာရီခွဲတွင် မိုးကုတ်-မိုးမိတ် ကားလမ်း မိုင်တိုင် အမှတ် (၄/၂)အနီး၌ ကျင်းပရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးကြီးဝင်းဇော်က စိုက်ပျိုးမည့် သစ်ပင်များကို ဌာနဆိုင်ရာနှင့် အသင်းအဖွဲ့တာဝန်ခံများထံ ပေးအပ်ပြီး မြို့နယ်ဥက္ကဋ္ဌ ဦးနေအောင်က စိန်ပန်းပင်နှင့် ယူကလစ်ပင်တို့ကို စတင်စိုက်ပျိုးပေးကြကာ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ စုစုပေါင်း ၁၅၀၀ ကျော်တို့က စိန်ပန်းပြာ၊ ထင်းရှူးနှင့် ယူကလစ်ပင် စုစုပေါင်း အပင် ၃၀၀၀ ကို စိုက်ပျိုးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ပဲခူးရိုးမအတွင်းမှ တောဆင်ရိုင်းလေးကောင် လက်ပံတန်း၊ သာယာဝတီ၊ မင်းလှ၊ ဇလွန်နှင့်ဟင်္သာတမြို့နယ်များအတွင်း ဖြတ်သန်းဝင်ရောက်ခဲ့၊ လူများကို အန္တရာယ်ပြုခြင်း၊ စိုက်ခင်းများကို ဖျက်ဆီးခြင်းမပြုဘဲ အေးချမ်းစွာ ပြန်လည်ထွက်ခွာသွားခဲ့

**နေပြည်တော် ဇူလိုင် ၂၅**

ပဲခူးရိုးမအတွင်းမှ တောဆင်ရိုင်းလေးကောင်ပါအုပ်စုသည် ဧရာဝတီမြစ်ကိုဖြတ်ကူးကာ မြစ်အနောက်ဘက်ကမ်း ဇလွန်မြို့နှင့် ဟင်္သာတမြို့ မြို့သူကြီးဘုရားအနီးသို့ ထူးထူးခြားခြား ဝင်ရောက်ခဲ့ကြောင်း သိရှိရသည်။

ပဲခူးရိုးမအတွင်းမှ အမြင့် ၁၁ ပေရှိ ဆင်မကြီးတစ်ကောင်၊ အမြင့် ၉ ပေရှိ ဆင်ထီးတစ်ကောင်၊ ဆင်မတစ်ကောင်နှင့် အမြင့် ၄ ပေရှိ သားပေါက်ဆင်မငယ်တစ်ကောင် စုစုပေါင်း ဆင်လေးကောင်အုပ်စုသည် ဇူလိုင် ၄ ရက်မှစ၍ သာယာဝတီမြို့နယ်၊ လက်ပံတန်းမြို့နယ်နှင့် မင်းလှမြို့နယ်များအတွင်း လှည့်လည် ဖြတ်သန်းကာ ဇူလိုင် ၉ ရက်ညတွင် ဧရာဝတီမြစ်ကို ဖြတ်ကူးခဲ့ကြောင်း၊ ဇူလိုင် ၁၀ ရက် နံနက် ၆ နာရီခန့်တွင် ဇလွန်မြို့ မြစ်ကမ်းမှ မြို့ပေါ်ရှိ ဆန်တန်းရပ်ကွက်သို့ ရောက်ရှိခဲ့ကြောင်း၊ ထို့နောက် နံနက် ၉ နာရီခန့်တွင် ဟင်္သာတမြို့ဘက်သို့ ပြန်လည်ထွက်ခွာသွားခဲ့ကြောင်း၊ ဇူလိုင် ၁၁ ရက် နံနက် ၄ နာရီ ခန့်တွင်လည်း ဟင်္သာတမြို့ မြို့သူကြီးဘုရားအနီးသို့ ရောက်ရှိခဲ့ပြီး ဘုရားအနီး၌ ၁ နာရီခွဲခန့်ရှိနေခဲ့ကြောင်း၊ နံနက် ၅ နာရီခွဲ ခန့်တွင် ဧရာဝတီမြစ်ကို ဖြတ်ကူး၍ ပဲခူးတိုင်း သာရဝေါဘက်သို့ ဆက်လက်ထွက်ခွာသွားခဲ့ကြောင်း၊ ယင်းနောက် လက်ပံတန်း မြို့နယ်နှင့် မင်းလှမြို့နယ်များကို လှည့်လည်ဖြတ်သန်းပြီး ဇူလိုင် ၁၂ ရက် နံနက်ပိုင်းတွင် ပဲခူးရိုးမတောနက်ထဲသို့ ရှေးရှုထွက်ခွာသွားခဲ့ကြောင်း သိရှိရသည်။

အဆိုပါဆင်အုပ်စုသည် တောဆင်ရိုင်းအုပ်စုပင်ဖြစ်သော်လည်း ထူးခြားစွာပင် ဇလွန်မြို့ ဆန်တန်းရပ်ကွက်သို့ ရောက်ရှိပြီး ဇလွန်မြို့ မာရ်အောင်မြင်ပြည်တော်ပြန်ဘုရားကြီးအား ဦးခိုက်ပူဇော်ခဲ့သည့်အပြင် လူအများအကြား လှုပ်ရှားသွားလာခဲ့ကြောင်း၊ ပေ ၂၀ ခန့်အထိ လူများအကပ်ခံပြီး တစ်စုံတစ်ယောက်ကိုမျှ ရန်လိုရန်ပြုခြင်းမရှိခဲ့ကြောင်း၊ ဟင်္သာတမြို့ မြို့သူကြီးဘုရားအနီး၌လည်း တစ်နာရီခွဲခန့် ပူဇော်ခဲ့ကြောင်း၊ ထို့ပြင် လှည့်လည်သွားလာခဲ့ရာ လမ်းကြောင်းတစ်လျှောက်တွင်လည်း စိုက်ခင်းများကို ဖျက်ဆီးမှုမရှိခဲ့ကြောင်း၊ ထိုသို့တောဆင်ရိုင်းများ ထူးထူးခြားခြားဝင်ရောက်လာပြီး မည်သူတစ်ဦးတစ်ယောက်ကိုမျှ အန္တရာယ်မပြုဘဲ အေးချမ်းစွာပြန်လည်ထွက်ခွာသွားခြင်းသည် လွန်စွာထူးခြားကြောင်း၊ ဒေသခံပြည်သူများက အံ့သြဝမ်းသာ ဝေဖန်ပြောကြားလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး

# အကြမ်းဖက်သောင်းကျန်းသူများ ကျိုင်းတောင်-မိုးနဲ-နမ့်စန် ကားလမ်းပေါ်ရှိ တံတားသုံးစင်းအား မီးရှို့ဖျက်ဆီး

**နေပြည်တော် ဇူလိုင် ၂၅**

နိုင်ငံတစ်ဝန်း လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေးအတွက် နိုင်ငံတော်က များစွာ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသော်လည်း အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားများသည် အကြမ်းဖက်လုပ်ရပ်များ၊ အဖျက်လုပ်ငန်းများကို တစိုက်မတ်မတ် လုပ်ဆောင်လျက်ရှိရာ ဇူလိုင် ၂၁ ရက်တွင် ရှမ်းပြည်နယ် (တောင်ပိုင်း) မိုးနဲမြို့နယ် ကျိုင်းတောင်-မိုးနဲ-နမ့်စန် ကားလမ်း ကျိုင်းတောင်မြို့နှင့် လွယ်အိုင်ရွာအကြားရှိ သစ်သားတံတားသုံးစင်းကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

အဆိုပါ တံတားပျက်စီးရာနေရာများသို့ နယ်မြေခံတပ်နယ်မှ တပ်ဖွဲ့ဝင်များ၊ လမ်း/တံတား အင်ဂျင်နီယာများက သွားရောက်၍ တံတားများကို အမြန်ဆုံး ပြန်လည်ပြုပြင်ရန် စီစဉ်လျက်ရှိကြောင်းနှင့် ဒေသတည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ကို နှောင့်ယှက်ဖျက်ဆီးလျက်ရှိသည့် အဆိုပါအကြမ်းဖက်သောင်းကျန်းသူများ၏ အဖျက်လုပ်ရပ်များကို ဒေသခံတိုင်းရင်းသား ပြည်သူလူထုအနေဖြင့် စက်ဆုပ်ရွံရှာ မုန်းတီးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ရာသီကရကင့်၊ လမြတ်ဝါဆို၊ သံချိန္နုတ်မြွက် ဓမ္မစကြ်

## တင်ထွင့်(အစိုးရတိုင်းရင်းဆေး)

ဝါဆိုလကို ဗေဒင်အခေါ်အားဖြင့် ကရကဋ်ရာသီဟုခေါ်ခြင်း၊ ပြုဗ္ဗာသာဠ်နက္ခတ်သည် လပြည့်ဝန်းနှင့်အတူ ယုဂန္ဓိုရ်တောင်ထိပ်တွင် ယှဉ်ပြိုင်ထွန်းပခြင်း၊ နေမင်းကား ဖုသျှနက္ခတ်နှင့် ယှဉ်ပြိုင်ခြင်း၊ ရာသီရုပ်မှာ ပုစွန်လုံးဖြစ်ခြင်း၊ ရာသီပန်းမှာ ပုန်းညက်ပန်း၊ မြတ်လေးပန်းတို့ဖြစ်ခြင်း၊ ရှေးမြန်မာဘုရင်များက ပဉ္စင်းတော်ခံပွဲကို ဤလ၏ရာသီပွဲတော်အဖြစ် ကျင်းပခြင်း၊ နေ့မှာ ဝါဆို၊ ညမှာ ပြာသိုဟုဆိုစကားအတိုင်း ညတာတို၍ နေ့တာအရှည်ဆုံးသော ရက်စုံလဖြစ်ခြင်း၊ မွန်းတည့်ချိန်၌ လူရိပ်မထွက်၊ နေပူတွင်ရပ်နေပါက လူရိပ်သည် လူ့အောက်တွင် ပျောက်ကွယ်နေခြင်းကို ဝါဆိုလူ့အောက်၊ အရိပ်ပျောက်ဟုခေါ်ဆိုကြခြင်းစသည်တို့ကို အကြောင်းပြုလျက် မဟာအတုလမင်းကြီးက ဝါဆိုလဘွဲ့ လွမ်းချင်းတွင်-

**"ကိုးခွင်ငယ်မှိုင်းပါလို့၊ မြင်တိုင်းမှာတဲ့ညို၊ လဲ့လဲ့ငယ်စို၊**
**ယုဂန္ဓိုရ်တောင်မဟာက၊ ပြုဗ္ဗာသာဠ်ထွန်းတဲ့လကိုလေး။**
**ဆင်တာရာငယ် ရာသီကရကဋ်၊ နရိန္ဒာလဲ ညာတောင်နတ်နှင့်၊**
**ဗိုလ်မြတ်ကယ်နိဗ္ဗူ အောင်ဆုယူလို့၊ ရှစ်ဖြူရိပ်စံ၊ ပဉ္စင်းတော်ခံသောအခါ၊**
**ရေလျှံတဲ့ဝါဆိုမှာ၊ ပုန်းညက်ညိုမာလာမင်းက၊**
**သင်းလှတယ်လေး. . . ."**ဟု စပ်ဆိုခဲ့လေသည်။

ဤဝါဆိုလသည် နွေတစ်ပိုင်း၊ မိုးတစ်ပိုင်း ရောနှောနေသော လရာသီဖြစ်ပြီး နွေနှောင်းကာလဖြစ်သည့်နည်းတူ မိုးဦးလလည်း ဖြစ်ပါသည်။ နွေလည်းမပီ၊ မိုးမမည်သေးသော စပ်ကူးမပ်ကူးကာလ၊ နွေလိုလို မိုးလိုလို မသဲ မကွဲဖြစ်ပေါ်နေသော အခါသမယဖြစ်သည်နှင့်အညီ ကြည့်ရှုမြင်တွေ့ရသည်မှာ နွေနှင့်မိုး တစ်ဝက်စီခြယ်ထားသော နှစ်ရောင်ခြယ် နွေမိုးသရုပ်ဖော်ပန်းချီကားချပ်ကြီးသဖွယ် ကြည်နူးခံစားရမည်ဖြစ်သည်။

**"ဝါဆိုလပြောင်း၊ မိကျောင်းဖွေးဖွေး၊ မိုးအေးအေး. . ."** ဆိုသည့်အတိုင်း တောတန်းတစ်လျှောက်၌ ဖွေးဖွေးဖြူအောင် ပွင့်နေကြသည့် မိကျောင်းပန်းများကို တွေ့မြင်နိုင်ပြီး "ဝါဆိုငယ်မှ ဝါခေါင်၊ ရေဖောင်ဖောင်နှင့် ရွာ့တောင်ကချောင်း"ဆိုသည်နှင့်အညီ ဝါဆိုလတွင် မိုးသည်းထန်စွာ ရွာသွန်းသည့်အတွက် မြစ်၊ ချောင်း၊ အင်းအိုင်များ၌ ရေများပြည့်လျှံနေပြီး အာကာသ မိုးကောင်းကင်တွင်လည်း ညိုမည်းသော မိုးသားလိပ်ကြီးများ အုပ်စုဖွဲ့ကာ စဉ်ဆက်မပြတ်ရွေ့လျားနေကြသဖြင့် အရပ်ရှစ်မျက်နှာ တစ်ခွင်လုံးဝယ် မှုန်မှိုင်းအုံ့ဆိုင်း၍ နေကြပေသည်။

ဝါဆိုလသည် မိုးဖြိုင်ဖြိုင်ရွာသောလဖြစ်ပုံ၊ တစ်ခါတစ်ရံ လေပြင်းမုန်တိုင်းများနှင့်အတူ သဲသဲမဲမဲရွာချတတ်ပုံ၊ မြစ်ပြင်များ ရေများ ပြည့်လျှမ်းလာ၍ ရေစီးလည်း အရှိန်ပြင်းလာတတ်ပြီး မြစ်နှစ်ခြမ်းဆုံရာတွင်မူ ကြီးမားသော လှိုင်းကြက်ခွပ်များထကာ ဝဲဂယက်ကြီးများပင် ထနေတတ်ပုံ၊

ထိုကြက်သီးထဖွယ် ရေလှိုင်းများထက်တွင် ဝန်ပိုငှက်မောင်နှံတို့သည် အတောင်ယှက်ကာ ဝဲပျံလိုက်၊ လှိုင်းလုံးကလေးများကို စီးလိုက်နှင့် ပျော်မြူးနေကြပုံတို့ကို အောက်ဖော်ပြပါအတိုင်း ကဗျာစာဆို လူဦးမင်းက နှစ်သက်စဖွယ်၊ လွမ်းစဖွယ် စာပန်းချီခြယ်ခဲ့ပြန်သည်-

**"မျှော်လေရာဝယ်၊ ဖီလာခွေရစ်၊သီတာမြစ်လဲ၊ မြနှစ်ကယ်ချက်ခြို၊ ကြက်ခွပ်ဆုံလို့၊ လှိုင်းအုံယင်ဘောင်၊ လေပြင်းဆောင်လျက်၊ ငှက်မောင်မဖို၊ ရွှေဝန်ပိုလဲ၊ ကြေကိုမျှောစုန်၊ ငွေကြောလှုံလို့၊ ယမုန်ယဉ်ကြည်၊ ဆွေးဖို့သာစည်တော့တယ်"**

"သန္ဓေတောထွက်၊ ဓမ္မစက်၊ တစ်ချက်ပြာဋိဟာ"ဆိုသည့်အတိုင်း ဗုဒ္ဓသာသနာတော်သမိုင်းတွင် ထူးခြားသော ဖြစ်စဉ်ကြီးလေးခုသည် ဝါဆိုလပြည့်နေ့များ၌ ဖြစ်ပေါ်ခဲ့ပါသည်။ ၎င်းတို့မှာ-

(၁) သက္ကရာဇ် ၆၇ ခုနှစ် ဝါဆိုလပြည့် ကြာသပတေးနေ့ သန်းခေါင်ယံအချိန်တွင် ကပိလဝတ်ပြည့်ရှင် ဘုရင်သုဒ္ဓေါဓနမင်းကြီး၏ ကြင်ရာတော် သီရိမဟာမာယာဒေဝီမိဖုရားကြီး၏ ဝမ်းကြာတိုက်တွင် ဘုရားလောင်း သန္ဓေယူတော်မူခြင်း၊

(၂) ဘုရားလောင်းသိဒ္ဓတ္ထမင်းသားသည် သူအို၊ သူနာ၊ သူသေ၊ ရဟန်းဟူသည့် နိမိတ်ကြီးလေးပါးကို မြင်တွေ့ပြီးသောအခါ သက္ကရာဇ် ၉၇ ခုနှစ် ဝါဆိုလပြည့် တနင်္လာနေ့ ညသန်းခေါင်ယံအချိန်၌ တောထွက်တော်မူခြင်း၊

(၃) သိဒ္ဓတ္ထမင်းသားသည် ဘုရားအဖြစ်သို့ရောက်တော်မူပြီးနောက် သက္ကရာဇ် ၁၀၃ ခုနှစ် ဝါဆိုလပြည့် စနေနေ့ နေဝင်စချိန်၌ ပဉ္စဝဂ္ဂီငါးဦးတို့အား ဓမ္မစကြာတရားတော်ဟောကြားခဲ့ခြင်း၊

(၄) သက္ကရာဇ် ၁၀၉ ခုနှစ် ဝါဆိုလပြည့်နေ့၌ မြတ်ဗုဒ္ဓသည် သာဝတ္ထိပြည်ရှိ သရက်ဖြူပင်ရင်းတွင် တိတ္ထိ တစ်သင်းအား တန်ခိုးပြာဋိဟာကို ပြတော်မူခဲ့ခြင်း။

ဖော်ပြပါအချက်များအပြင် ၎င်း ဝါဆိုလပြည့်နေ့များ၌ ဘုရားအဖြစ်ကို ဝန်ခံတော်မူသောနေ့ ဖြစ်ခြင်း၊ တရားရတနာ စတင်ပေါ်ပေါက်သောနေ့ ဖြစ်ခြင်း၊ သံဃာရတနာစတင်ပေါ်ပေါက်သောနေ့ ဖြစ်ခြင်း၊ "ဧဟိဘိက္ခု" ဟူသောစကားကို စတင်ကြားနာရသောနေ့ဖြစ်ခြင်း စသည့်ထူးခြားချက်ဝိသေသများ ရှိကြပေသည်။

မြတ်စွာဘုရားရှင်သည် သတ္တဌာနတို့၌ သတ္တသတ္တာဟ ခုနစ်ဌာနကို တစ်ဌာနလျှင် ခုနစ်ရက်စီ ၄၉ ရက် တရားဓမ္မဖြင့် မွေ့လျော်တော်မူပြီး သဟမ္ပတိ ဗြဟ္မာမင်းကြီး၏ တရားဟောတော်မူရန် တောင်းပန်လျှောက်ထားချက်ကို လက်ခံတော်မူပါသည်။

ထို့ကြောင့် ဝါဆိုလပြည့်နေ့၌ ကောဏ္ဍည၊ ဝပ္ပ၊ ဘဒ္ဒိယ၊မဟာနမ်၊ အဿဇိဟူသော ငါးပါးအစု ပဉ္စဝဂ္ဂီတို့နှင့်တကွ တစ်သောင်းသောလောကဓာတ်မှ နတ်ဗြဟ္မာအပေါင်းတို့အား တရားဦး သာသနာပြု တရားဟောကြားရန် မိဂဒါဝုန်တောသို့ ကြွတော်မူပါသည်။ ၎င်း ဝါဆိုလပြည့် စနေနေ့ ညနေခင်း နေဝင်ဆည်းဆာအချိန်တွင် "ဒွေမေဘိက္ခဝေ အန္တာပဗ္ဗဇိတေန နသေဝိတဗ္ဗာ"အစရှိသော တရားဦးသာသနာပြု ဓမ္မစကြာတရားတော်ကို ဟောကြားတော်မူပါသည်။

မြတ်စွာဘုရားရှင်သည် ဓမ္မစကြာတရားတော်၌ လူ့အနှောင်အဖွဲ့များကို ဖြတ်တောက်၍ ရဟန်းအဖြစ်သို့ ကပ်ရောက်ပြီးသူတိုင်း ကာမဂုဏ်ချမ်းသာတို့၌ ကပ်ငြိတွယ်တာပြီး လိုက်စားသောအကျင့် (ကာမသုခလ္လိကာနုယောဂ)နှင့် မိမိ၏ခန္ဓာကိုယ်နှင့် စိတ်ကို ပင်ပန်းဆင်းရဲစေရန် ပြုလုပ်သောအကျင့် (အတ္တကိလမထာ နုယောဂ)ဟူသည့် အစွန်းတရားနှစ်ပါးသည် လောကမှ ထွက်မြောက်ရေးအတွက် အကျိုးမပြီး အချည်းနှီးသောအကျင့်များဖြစ်ကြခြင်းတို့ကြောင့် ယင်းအစွန်းနှစ်ပါးကို မမှီဝဲရန် ဟောကြားတော်မူပါသည်။

မဇ္ဈိမပဋိပဒါ အလယ်အလတ်လမ်းစဉ်ဟူသည် အမြင်မှန်ရရန် အားထုတ်ခြင်း(သမ္မာဒိဋ္ဌိ)၊ ကောင်းမြတ်သော ကုသိုလ်အကြံအစည်များကိုသာ ကြံစည်ခြင်း(သမ္မာသင်္ကပ္ပ)၊ကောင်းမြတ်သောစကားကိုသာ ပြောဆိုခြင်း (သမ္မာဝါစာ)၊ကောင်းသောအပြုအမူကိုသာ ပြုလုပ်ခြင်း(သမ္မာကမ္မန္တ)၊အပြစ်မရှိစင်ကြယ်သော အသက်မွေးမှုဖြင့် အသက်မွေးခြင်း(သမ္မာအာဇီဝ)၊မှန်ကန်သော မြတ်သောအားထုတ်မှုကိုသာ ပြုလုပ်ခြင်း(သမ္မာ ဝါယမ)၊မှန်ကန်သော အမှတ်ရမှု၊သတိရမှုကို ပြုလုပ်ခြင်း(သမ္မာသတိ)၊မှန်ကန်သော စိတ်တည်ကြည်မှု သမာဓိဖြစ်ရန် ကြိုးစားခြင်း(သမ္မာသမာဓိ)ဟူသော အကျင့်မြတ်ပင်ဖြစ်သည်ဟု ဟောကြားပါသည်။

ဤ မဇ္ဈိမပဋိပဒါ အကျင့်မြတ်ကို ကျင့်ကြံအားထုတ်မှသာလျှင် သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားသိမြင်ပြီး နောက်ဆုံး၌ အနုပါဒိသေသနိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန်စံဝင်ရခြင်းဟူသော အကျိုးထူးကို ဧကန်မုချ ရရှိမည်ဖြစ်၏ဟု ဟောကြားတော်မူပါသည်။

ဓမ္မစကြာဒေသနာတော်ကို ဟောကြားတော်မူပြီးသည့်အဆုံး၌ အရှင်ကောဏ္ဍညသည် ပုထုဇဉ်အဖြစ်ကို လွန်မြောက်၍ သောတာပန်အရိယာအဖြစ်သို့ရောက်ရှိကာ မြတ်စွာဘုရားထံ ရှင်ရဟန်းအဖြစ်ကို ရလိုပါကြောင်း တောင်းပန်လျှောက်ထားသည်။ မြတ်စွာဘုရားရှင်က ဧဟိဘိက္ခုခေါ်တော်မူကာ ဧဟိဘိက္ခုရဟန်းအဖြစ်သို့ ရောက်ရှိတော်မူသည်။ ထို့ကြောင့် ဝါဆိုလပြည့်နေ့သည် တရားရတနာနှင့် သံဃာရတနာတို့ စတင်ပေါ်ပေါက်သော နေ့ထူးနေ့မြတ်ပင် ဖြစ်သည်။ ထို့အပြင် မြတ်စွာဘုရားရှင် ဓမ္မစကြာတရားဦးဒေသနာတော် ဟောတော်မူသည်ကို အကြောင်းပြု၍ ဝါဆိုလပြည့်နေ့ကို ဓမ္မစကြာအခါတော်နေ့အဖြစ် သတ်မှတ်ကာ ဓမ္မစကြာတရားတော်များကို ရွတ်ဖတ်သရဇ္ဈာယ်ကြ၊ ကျောင်းကန်ဘုရားများသို့ သွားရောက်ကာ ဝါဆိုပန်း၊ ဝါဆိုသင်္ကန်းများ ကပ်လှူကြပါသည်။

သို့ဖြစ်ရာ ဝါဆိုလပြည့်နေ့၌ အရှင်ကောဏ္ဍညသည်လည်းကောင်း၊ ဝါဆိုလပြည့်ကျော် ၁ရက်နေ့၌ အရှင်ဝပ္ပသည် လည်းကောင်း၊ ဝါဆိုလပြည့်ကျော် ၂ရက်နေ့၌ အရှင်ဘဒ္ဒိယသည်လည်းကောင်း၊ ဝါဆိုလပြည့်ကျော် ၃ ရက်နေ့၌ အရှင်မဟာနမ်သည်လည်းကောင်း၊ ဝါဆိုလပြည့်ကျော် ၄ ရက်နေ့၌ အရှင်အဿဇိသည်လည်းကောင်း သောတာပန်အရိယာအဖြစ်သို့ အသီးသီးရောက်ရှိကြပြီး ဧဟိဘိက္ခုရဟန်းအဖြစ်ရရှိကြပါသည်။ မြတ်စွာဘုရားရှင်သည် ဝါဆိုလပြည့်ကျော် ၅ ရက်နေ့၌ "အနတ္တလက္ခဏသုတ်တော်"ကို ဆက်လက်ဟောကြားတော်မူခဲ့ပါသည်။ ထိုအနတ္တလက္ခဏဒေသနာတော်၌ ခန္ဓာငါးပါး၊ ရုပ်နာမ်တရားတို့၏ မမြဲခြင်းအနိစ္စ၊ ဆင်းရဲခြင်း ဒုက္ခ၊ အစိုးမရခြင်း အနတ္တဖြစ်ပုံတို့ကို ပြတ်သားထင်ရှားစွာသိမြင်နိုင်ရန် ဟောကြားတော်မူပါသည်။ ယင်းအနတ္တလက္ခဏဒေသနာတော်ကို ကြားနာရပြီးနောက် ပဉ္စဝဂ္ဂီငါးဦးတို့သည် အာသဝေါကင်းကွာ ရဟန္တာအဖြစ်သို့ ရောက်ရှိကြပါသည်။

ဝါဆိုလသည် ပုဂံခေတ် အနော်ရထာမင်းလက်ထက်မှ စတင်ခေါ်ဝေါ်ပညတ်ခဲ့သောလတစ်လဖြစ်သည်ဟု အဆိုရှိပါသည်။ ပုဂံသို့ ပရိယတ္တိသာသနာစာပေကျမ်းဂန်များရောက်ရှိ၍ ရဟန်းသံဃာတို့ ဝါဆိုဝါကပ် ပြုတော်မူကြသည်ကိုစွဲ၍ ခေါ်ဝေါ်ခဲ့ကြခြင်းပင်ဖြစ်သည်။ မူလအမည်ကား နွယ်တာလ၊ နွေတာလ၊ မြွယ်တာလဟု ခေါ်ကြသည်။ ထို့ကြောင့် ပုဂံခေတ်တွင် ရေးထိုးထားသော ကျောက်စာများ၌ နွေတာလဟု ခေါ်ဝေါ်ရေးထိုးထားသည်ကို တွေ့ရခြင်းဖြစ်ပါသည်။

ဝါဆိုလ၏ အဓိပ္ပာယ်နှင့်စပ်လျဉ်း၍ ဝေါဟာရလီနတ္ထဒီပနီတွင် ရဟန်းသံဃာတို့ ဝါဆိုဝါကပ်ပြုတော်မူသောလဟု လည်းကောင်း၊ မြန်မာလအမည်များစာအုပ်တွင် ရဟန်းတော်များ မိုးသုံးလအတွင်း ကျောင်း၌နေပါမည်ဟု ရွတ်ဆိုသောလဟုလည်းကောင်း၊ အချို့ပညာရှင်များက ရဟန်းတော်များ မိုးသုံးလအတွင်း မှီတင်းနေထိုင်သောလဟု လည်းကောင်း အသီးသီး ဖွဲ့ဆိုကြပါသည်။

ရှေးယခင်က ရဟန်းတော်တို့သည် ဝါဆိုလအခါ မိုးတွင်းကာလ ထွန်ယက်စိုက်ပျိုးချိန်၌ သွားရိုးသွားစဉ် ခရီးသွားလေ့ရှိကြရာ လယ်ကန်သင်း လယ်ကွင်းများကို ဖြတ်ကျော်သွားရသည့်အတွက် စိုက်ခင်းမှသီးနှံများ၊ စပါးပင်များ ထိခိုက်ပျက်စီးသကဲ့သို့ ပိုးမွှားသတ္တဝါများ သေကျေကြသည်။ လူပုဂ္ဂိုလ်နှင့်တကွ သတ္တဝါတို့၏ အကျိုးစီးပွားကို မထိခိုက်စေရေးအတွက် ဝါတွင်းသုံးလ၌ ခရီးမသွားဘဲ မိမိကျောင်း၌သာ သီတင်းသုံးကြရန် မြတ်စွာဘုရားရှင်က ပညတ်တော်မူပါသည်။ ထို့ကြောင့် ဝါဆိုလ၏ အဓိပ္ပာယ်ကို ရဟန်းတော်များ ဝါတွင်းသုံးလအတွင်း ကျောင်း၌နေပါမည်ဟု ရွတ်ဆိုလဟုလည်းကောင်း၊ ရဟန်းသံဃာတော်များမိုးတွင်းသုံးလပတ်လုံး အခြားအရပ်သို့ ညအိပ်မသွားဘဲ ဤကျောင်း၌ နေပါမည်၊ မိုးခိုပါမည်ဟု ရွတ်ဆိုသောလဟု လည်းကောင်း အဓိပ္ပာယ်ဖွင့်ဆိုခဲ့ကြသည်။ ယင်းသို့ သံဃာတော်များ တစ်ကျောင်းတည်း၌ သီတင်းသုံးသည်ကို "ဝါဆို၊ ဝါကပ်သည်"ဟုခေါ်ဝေါ်ကြပြီး မလွှဲမရှောင်သာသွားလာရသည့်အခါ ယင်းသို့ သွားရသည့်ခရီးကို "ဝါပန်သည်" ဟုဆိုကြသည်။ မည်သို့ပင်ဖြစ်စေကာမူ ရဟန်းတော်များအနေဖြင့် "ဝါပန်"သည့်အမှုကို ပြုခဲလှပါသည်။

မြန်မာတို့သည် ဝါတွင်းသုံးလကို အလေးအမြတ်ပြုကြပြီး ထူးမြတ်သောကာလအဖြစ် သတ်မှတ်ကြသည်။ ဝါတွင်းသုံးလပတ်လုံး ဥပုသ်သီတင်းဆောက်တည်ကြသည်။ ရှေးအခါက ဝါတွင်းကာလတွင် ငါးပါးသီလ၊ ရှစ်ပါးသီလဆောက်တည်စေခြင်း၊ တရားဘာဝနာစီးဖြန်းစေခြင်းတို့အတွက် တိုက်တွန်းနှိုးဆော်ခဲ့ကြောင်း၊ အင်ရုံရွာစား ဝန်ကြီး သီရိဥဇနာ ရေးသားခဲ့သော လောကဗျူဟာကျမ်းတွင် "ပြည်သူ ပြည်သားတို့ ယခုဝါဆိုလသို့ ရောက်ပြီ၊ ပါဏာတိပါတာ သူ၏အသက်ကိုသတ်ခြင်း၊ အဒိန္နာဒါနာ သူတစ်ပါးမပေးသော ဥစ္စာကို ခိုးယူခြင်း၊ ကာမေသုမိစ္ဆာ သူမယားကိုပြစ်မှားခြင်း၊ မုသာဝါဒါ မဟုတ်မမှန်သောစကားဆိုခြင်း၊ သုရာမေရယ သေရည်သေရက်သောက်ခြင်းတို့ကို ရှောင်ကြဉ်၍ ပဉ္စသီ၊ အဋ္ဌသီ၊ ဒသသီတို့ကို ဆောက်တည်ရမည်။ အလှူပေးခြင်း၊ သီလသီတင်း ဆောက်တည်ခြင်း၊ ဘာဝနာစီးဖြန်းခြင်းကိုလည်း သဒ္ဓါစေတနာစိတ်ရှိသမျှကို လျှုဒါန်းဆောက်တည်ကြကုန်"ဟု ရေးသားထားသည်ကို တွေ့ရပါသည်။

လယ်ယာစိုက်ပျိုးရေးလုပ်ငန်း တွင်ကျယ်စွာ ဆောင်ရွက်သော ကာလဖြစ်သည့် ဝါဆိုလတွင် စပါးပင်များ ရှင်သန်အားကောင်းပြီး ယင်းတို့ကို ပျိုးနုတ်၍ စနစ်တကျကောက်စိုက်သော အချိန်ကာလဖြစ်ပေရာ ၎င်းဝါဆိုလ၌ မြန်မာ့လယ်ယာမြေတစ်ခွင်လုံး ကောက်စိုက်သမတို့၏ တေးသံဖြစ်သည့်-

**"ပျို့လေးတို့ကောက်စိုက်ရာ**
**လိုက်လာနှင့်လေး၊ လိုက်လာလျှင်၊ ရွှံ့စင်ရော့မယ်**
**ဖောင်းကြော့ရင်သွေး"**
**"ညည်းစိုက်တဲ့ ကောက်ပင်ငယ်**
**မှန်း ဘယ်မျှကြီး**
**ဟော- ကြည့်စမ်း တစ်နှံကို**
**ဆယ်ပြည်ထွက်တယ်၊ ဖြိုးအက်လို့သီး". . .** သည် လယ်ယာမြေ၏ ရိုးစင်းလှသောတေးကဗျာများအဖြစ် ခေတ်အဆက်ဆက် သီဆိုလာခဲ့ကြသည်။

ရှေးရှေးသော မြန်မာဘုရင်များလက်ထက်က ဝါဆိုလတွင် ပဉ္စင်းခံရှင်ပြုပွဲများကို ခြိမ့်ခြိမ့်သဲကျင်းပဆင်နွှဲခဲ့ကြသည်။ ဤသို့ ကျင်းပခြင်းသည် ဝါဆိုလပြည့်နေ့၌ မြတ်စွာဘုရားသာသနာတော်တွင် ပထမဆုံးရဟန်းဖြစ်တော်မူသော အရှင်ကောဏ္ဍည မထေရ်၏ "ဧဟိဘိက္ခု"ရဟန်းဖြစ်သည့်နေ့ဖြစ်ခြင်း၊ ရှင်ပြုရဟန်းခံပြီးသည်နှင့် တစ်ပြိုင်နက် ဝါဆိုရန် အဆင်သင့်ဖြစ်ခြင်း၊ နယုန်လ စာတော်ပြန်ပွဲ အောင်သူများကို ပဉ္စင်းခံရှင်ပြုရန် အဆင်ပြေခြင်း စသည့်အကြောင်းတို့ကြောင့် ဖြစ်ပါသည်။

ဘာသာရေးအရ အရေးပါသောလ၊ ဘာသာယဉ်ကျေးမှုကို ဖော်ညွှန်းပြဆိုသောလဖြစ်သည်သာမက လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်ရန် အင်အားအပြည့်ဖြင့် အရှိန်အဟုန်ယူလုပ်ကိုင်ရပြီး လယ်ယာလုပ်အားရှင်တို့၏ တေးသံသာများဖြင့် ဆွတ်ပျံ့ဝေစည်နေသည့် ဤဝါဆိုလတွင် ဗုဒ္ဓဘာသာဝင်သူတော်စင်များအနေဖြင့် မြတ်ဗုဒ္ဓဘုရားရှင်ကိုယ်တော်မြတ်၏ ဓမ္မစကြာတရားဦးဒေသနာနှင့် အနတ္တလက္ခဏဒေသနာတော်တို့ကို ရွတ်ဆိုပွားများ နာကြားအားထုတ်ကြကာ သီတင်းသီလဆောက်တည်ကြ၍ အစွန်းနှစ်ပါးမှ လွတ်ကင်းကြပြီး မဂ္ဂင်ရှစ်ပါးကို ပွားများနိုင်ကြလျက် သစ္စာတရားကို သိမြင်ကြရန်၊ တရားဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းကြကာ ဒုက္ခခပ်သိမ်းကင်းငြိမ်းရာ အမှန်မြတ်နိဗ္ဗာန်သို့ မျက်မှောက်ပြုနိုင်ကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သလိုက်ရပါသည်။ ။

## ဝါဆိုလပြည့် ဓမ္မစကြာနေ့

❁ လောင်းလျာစိန္တေ၊ သန္ဓေတောထွက်
ဓမ္မစကြာ၊ ဒေသနာမြွက်
ပုန်းညက်ကြာခိုင်၊ ပျံ့လှိုင်ကြိုင်သင်း
ပဉ္စင်းတော်ပွဲ၊ ဝှဲချီးကျင်းပ
ဝါဆိုလခါ၊ ဖြူဗွာနက္ခတ်
ကရကင့်ရာသီ၊ ဆင်တာရာကြည်ရွှန်း
တင့်ထွန်းဝင်းပ၊ ဗုဒ္ဓအမွေ
ရွှန်းဝေဖြာလှစ်၊ ဝေသန္တလျှင်
ကြည်လင်သာမော၊ တောမိဂဒါဝုန်
ရဂုံကြိုင်လျှမ်း၊ စုံမြိုင်နန်းတွင်
ပဉ္စဝဂ္ဂီ၊ ငါးလီထေရ်အား
တရားဦးမွန်၊ ဟောလှစ်ညွှန်ပြ
မဇ္ဈိမ,ပဋိပဒါ၊ သစ္စာလေးဝ
ဒုက္ခ, သမုဒယ၊ နိရောဓနှင့်
မဂ္ဂတစ်ဖန်၊ မှန်တရားတို့
လက်ဖဝါးတွင်၊ ပတ္တမြားတင်အလား
ထင်ရှားပေါ်လွင်၊ မြင်သာအောင်ပြ
လောကသုံးသွယ်၊ ဝင့်ပင်လယ်မှ
လွတ်လွယ်စေရာ၊ ဖြဟ္မာနတ်လူ
ကျွတ်ဆုယူလျက်၊ ဓမ္မစကြာ
ချိန်အခါကျ၊ ဓမ္မပူဇာ
ဒေသနာကို၊ ဘာဝနာသဘော
အာရုံစောညွတ်၊ ပူဇော်ဝပ်တွား
ကြည်ညိုအားဖြင့်၊ ရွှတ်ပွားသရဇ္ဈာယ်ကြပါကုန်။ ။

**ဦးအောင်မွန်(မဟာဝိဇ္ဇာ)**

## တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး တိုင်းမှူးဒိုင်းဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား တက်ရောက်

နေပြည်တော် ဇူလိုင် ၂၅

**စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးသည် ဇူလိုင် ၂၀ ရက်တွင် မုံရွာမြို့ရှိ တိုင်းစစ်ဌာနချုပ် အားကစားကွင်း၌ ကျင်းပသော တိုင်းမှူးဒိုင်းဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။**

အဆိုပါ အခမ်းအနားသို့ တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တပ်ရင်း၊ တပ်ဖွဲ့မှူးများနှင့် အရာရှိ စစ်သည် မိသားစုဝင်များ၊ ပြိုင်ပွဲဝင် အားကစားအသင်းများ၊ ဒိုင်အဖွဲ့များနှင့် ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးနှင့် ဧည့်သည်တော်များသည် ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ကျင်းပရာ တာဝန်ရှိသူများက ဆုရရှိကြသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။ ယင်းနောက် တိုင်းမှူးက ပထမဆု ရရှိသောအသင်းအား တစ်ဦးချင်းဆု တံဆိပ်နှင့် ငွေသားဆုကို လည်းကောင်း၊ တံခွန်စိုက်ဒိုင်းဆုကို လည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## အမှတ်(၄) ဓာတ်မြေသြဇာစက်ရုံ (မြောင်းတကာ) ဒုတိယဝန်ကြီး ဦးသန်းငွေး ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၂၅

**စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းငွေးသည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၏ အမှတ်(၄) ဓာတ်မြေသြဇာစက်ရုံ (မြောင်းတကာ)သို့ သွားရောက်၍ စက်စမ်းသပ်လည်ပတ်မှုများကို ကြည့်ရှုစစ်ဆေးသည်။**

ရှေးဦးစွာ စက်ရုံအစည်းအဝေးခန်းတွင် စက်ရုံမှူးနှင့် တာဝန်ရှိသူများက စက်အစိတ်အပိုင်းအလိုက် စမ်းသပ်လည်ပတ်ရာတွင် တွေ့ရှိချက်များကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်ချက်များအပေါ် ဖြည့်ဆည်းပေါင်းစပ်ညှိနှိုင်းဆွေးနွေးသည်။ ထို့နောက် စက်ရုံအတွင်း အပိုင်းလိုက် စမ်းသပ်လည်ပတ်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

### ဆွေးနွေးမှာကြား

ဆက်လက်၍ ဒုတိယဝန်ကြီးသည် အမှတ်(၁)ရေနံချက်စက်ရုံ (သန်လျင်)သို့ သွားရောက်၍ ပုဂ္ဂလိက လုပ်ငန်းရှင်များ၏ စက်သုံးဆီများ ရောက်ရှိမှု၊ သိုလှောင်ထားရှိမှု၊ ဆီတင်ဆီချ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးရာ စက်ရုံမှူးနှင့် တာဝန်ရှိသူများက လိုအပ်ချက်များ ရှင်းလင်းတင်ပြကြပြီး လုပ်ငန်းခွင်အတွင်း လိုက်လံပြသရာ ဒုတိယဝန်ကြီးက စက်သုံးဆီဖြန့်ဖြူးမှုလုပ်ငန်းများ လစ်ဟာမှုမရှိစေဘဲ ပုဂ္ဂလိက လုပ်ငန်းရှင်များ၏ စက်သုံးဆီတင်သွင်းဖြန့်ဖြူးရေး လုပ်ငန်း ဆောင်ရွက်နေမှုများကိုလည်း အဆင်ပြေချောမွေ့မှုရှိအောင် ကူညီဆောင်ရွက်ပေးရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

### ကြည့်ရှုစစ်ဆေး

**စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းငွေး အမှတ်(၄) ဓာတ်မြေသြဇာစက်ရုံ(မြောင်းတကာ) တွင် ကြည့်ရှုစစ်ဆေးစဉ်။**

(စွမ်းအင်)



## အိမ်ရာအဆောက်အအုံနှင့် နေထိုင်မှုပြပွဲ (၂၀၁၀) သရဖီ ကိုရီးယားကြမ်းခင်း ပါဝင်ပြသ

**ရန်ကုန် ဇူလိုင် ၂၅**


ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ အိမ်ရာအဆောက်အအုံနှင့် နေထိုင်မှုပြပွဲ (၂၀၁၀)ကို ဇူလိုင် ၂၄ ရက်မှ ၂၇ ရက်အထိ ခင်းကျင်းပြသလျက်ရှိသည်။

ပြပွဲတွင် သရဖီ ကိုရီးယားကြမ်းခင်းကို ပြသထားသည်။ Laminate Floor ခင်းခြင်းဖြင့် ကုန်ကျစရိတ် သက်သာ၍ ရေရှည်အသုံးပြုနိုင်သည်။ Laminate Floor ခင်းခြင်းသည် အခြား Hard Wood Floor ခင်းခြင်းထက် ကုန်ကျစရိတ် သုံးပုံနှစ်ပုံသက်သာပြီး သေချာစွာ ထိန်းသိမ်းပါက နှစ်ပေါင်းများစွာ ခံနိုင်ရည်ရှိသည်။ ထို့အပြင် UV ဒဏ်ခံနိုင်ခြင်း၊ ခရမ်းလွန်ရောင်ခြည်ဒဏ်မှ ကာကွယ်ပေးပြီး နေရောင်ခြည်ကြောင့် Laminate Floor များ အရောင်လွင့်မသွားပေ၊ တပ်ဆင်ရလွယ်ကူပြီး Laminate Floor ခင်းရာတွင် ကော်နှင့်သံမလိုပေ။

ခံနိုင်ရည်ရှိမှုအတွက် နှစ်ရှည်အာမခံ ရရှိနိုင်ခြင်း၊ ပြုပြင်ရလွယ်ကူခြင်း၊ အစားထိုးလွယ်ကူခြင်း၊ သန့်ရှင်းရေးပြုလုပ်ရာတွင် လွယ်ကူခြင်း၊ ကျုံ့ကြွမှုမရှိခြင်း၊ အသံလုံခြင်း၊ မိမိကြိုက်နှစ်သက်ရာ Design ကို ရွေးချယ်နိုင်ခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိနိုင်သည်။

(8.3)mm နှင့် (12)mm Laminate Floor များကို (၁၅)နှစ် အာမခံဖြင့် ရောင်းချလျက်ရှိပြီး "A" Grade တစ်မျိုးတည်းကိုသာ တင်သွင်းဖြန့်ချိရောင်းချလျက်ရှိသည်။ အမှတ် (၃၊ ၄၊ ၅) သိပ္ပံနှင့် နည်းပညာဦးစီးဌာနဆိုင်ခန်း သစ္စာလမ်းမ ရန်ကင်းမြို့နယ် ရန်ကုန်မြို့၊ ဖုန်း-၀၉- ၅၁၁၅၅၃၀၊ ၀၉-၅၁၃၄၆၁၄နှင့် ၇၃၀၅၄၄၉၈ တို့သို့ ဆက်သွယ်မှာယူ ရရှိနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ခင်းကျင်းပြသလျက်ရှိသော အိမ်ရာအဆောက်အအုံနှင့် နေထိုင်မှုပြပွဲ (၂၀၁၀)တွင် ပြသထားသော သရဖီ ကိုရီးယားကြမ်းခင်းပြခန်းကို တွေ့ရစဉ်။** (သတင်းစဉ်)

## ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

## ယခုအပတ်ထုတ် မြန်မာပို့စ်ဂျာနယ် ဖြန့်ချိ

**ရန်ကုန် ဇူလိုင် ၂၅**

မြန်မာပို့စ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၂၈)ကို ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အနောက်မြင်းပြိုင်ကွင်းလမ်းနှင့် ဆရာစံလမ်းထောင့်ရှိ United Media Group မှ မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ထုတ်ဝေဖြန့်ချိလိုက်သည်။

မြန်မာပို့စ်ဂျာနယ်တွင် တည်ဆောက်မှု ၁၈ နှစ်ရှိလာပြီး ဆရာတော်ကြီး၏ သက်တော်မှာ (၉၀) ဖြစ်သော်လည်း စိတ်ဓာတ်ခွန်အား ရှင်သန်ဆဲဖြစ်၊ ဉာဏ်တော်အကြီးဆုံး ပေ ၆၀၀ ရှိ ဝင်းစိန်တောရလျောင်းတော်မူ ရုပ်ပွားတော် တည်ဆောက်မှုမှာ အံ့သြစရာ၊ တည်ထွက်စက်ပြာ၊ ဘိဓမ္မာ၊ နွယ်တာလပြည့်၊ ဆုံသည့်နေ့၊ ဘင်္ဂလားပင်လယ်အော်၏ အပျိုစင်မလေး သို့မဟုတ် ငွေဆောင်ကမ်းခြေသို့ မျက်နှာဖုံး သတင်းဆောင်းပါး၊ (၆၃) နှစ်မြောက်အာဇာနည်နေ့ ဦးအောင်ဆန်းဦးနှင့် ဇနီး ဒေါ်လှဲ့လှဲ့နွယ် သိန်း တက်ရောက်ဂါရဝပြု၊ အိုလံပစ်နေ့အထိမ်းအမှတ် ကာယဗလနှင့် ကာယအလှုပြိုင်ပွဲကျင်းပ၊ နေပြည်တော်၏ အထင်ကရနေရာများကို မျှော်စင်ပေါ်မှ အပန်းဖြေကြည့်ရှုနိုင်၊ ရေပန်းဥယျာဉ် (တိုးချဲ့) အပန်းဖြေစခန်းထပ်မံဖွင့်လှစ် သတင်းဆောင်းပါးများနှင့် လူထုစိန်ဝင်း၊ မောင်စူးစမ်း၊ မောင်ဝံသ၊ နေဇင်လတ်၊ ဒေါက်တာအောင်ကိုကို(စီးပွားရေးပညာ၊ စီးပွားရေးပေါ်လစီ)တို့၏ လေ့လာမှတ်သားဖွယ်ဆောင်းပါးများကို ဖော်ပြထားသည်။

ထို့အပြင် ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ စာရွှေသန်း(အလုံ)၏ ၄၈၊ ၅၈၊ ၆၂၊ ၈၈ နှင့် ၂၀၁၀ မှတ်တိုင်များ၊ မောင်မောင်စိုး၏ စည်းရုံးလှုပ်ရှားနိုင်ရေးပါတီများ (ပြည်ထောင်စုဒီမိုကရေစီပါတီ) ဆောင်းပါးတို့ကို ဖော်ပြထားသည်။

ရန်ကုန်-နေပြည်တော် မြန်နှုန်းမြင့်ရထားလမ်း ၂၀၁၃ အမီ အပြီးဖောက်လုပ်မည်၊ ဘင်္ဂလားပင်လယ်အော်ဒေသ ဖွံ့ဖြိုးတိုးတက်မှုဆွေးနွေးပွဲ မြန်မာနိုင်ငံပါဝင်ဆွေးနွေး၊ ဗန်ကောက်-ရန်ကုန် Border Trade လမ်းကြောင်းမှ အထည်ကုန်ကြမ်းများ တင်ပို့နိုင်ပြီ၊ ဖားကန့်မြို့နယ်၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးမှုဖြစ်ပွား၊ မြန်မာ-ဘင်္ဂလားဒေ့ရှ်ရထားလမ်းဖောက်လုပ်ရေး၌ တရုတ်နှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့ ကူညီဆောင်ရွက်မည်၊ ဘင်္ဂလားဒေ့ရှ်မှ ရခိုင်သို့ အာလူးပိသာချိန် ၉၂၀၀ ကျော် ပထမအကြိမ်တင်ပို့၊ ရော်ဘာနှင့် လိမ္မော်သီးများ ထိုင်းနိုင်ငံသို့ စမ်းသပ်တင်ပို့၊ ၂၀၁၀ မှ စတင်၍ မြန်မာကျောင်းသားများ ITE မှ လက်မခံတော့ဟုဆို စသည့် စိတ်ဝင်စားဖွယ်ရာ သတင်းများပါရှိသည်။ (သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

**၂၆-၇-၂၀၁၀ (တနင်္လာနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ ဝါဆိုလပြည့်နေ့ တရားတော်(အရှင်ဇနကာဘိဝံသ ထေရုပ္ပတ္တိ) တောင်သမန်အင်းစောင်းမှ အုံးမောင်းသံ
၇း၂၅ ၃။ ဓမ္မပူဇာတေး
၇း၃၀ ၄။ မျိုးချစ်တပ်မတော်
၇း၃၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၄၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၂။ ပြီးပါပြီ။

**ညပိုင်း**

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ အမျိုးသားရေးတေးကဗျာ
၄း၂၅ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၃၅ ၅။ မျိုးချစ်တပ်မတော်
၄း၄၅ ၆။ စိုက်ပျိုးသုတ
၄း၅၅ ၇။ မြတ်နိုးကြစေ အမျိုးသားအမွေ
၅း၂၀ ၈။ ဗွီစီဒီကျော်ကြားတေးများ
၅း၃၀ ၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မိုးသောက်ကြယ် (အပိုင်း-၃)**
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆း၂၀ ၁၂။ လျှပ်တစ်ပြက်ရိုက်ချက်
၆း၄၀ ၁၃။ သံစဉ်လမ်းက လင်းလက်ကြယ်
၇း၀၀ ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရင်နှစ်သည်းချာ (အပိုင်း-၅၁)**
၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ နိုင်ငံတကာသတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ Talk Of The Town
၂၀။ မေးမြန်းစူးစမ်း
၂၁။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - လရောင်ဆမ်းတဲ့ဒဏ္ဍာရီ (အပိုင်း-၂၄)**
၂၄။ သင့်အတွက်မနက်ဖြန်
၂၅။ အပိတ်နှုတ်ဆက်စကား
၂၆။ ပြီးပါပြီ။

## ဥတုရာသီ တောကိုမှီ၏

# တိုင်းမှူး ဗိုလ်ချုပ်စိုးဝင်း ပြောင်းရွှေ့နေရာချထားမည့်ကျေးရွာများမှ အိမ်ထောင်စုဝင်များအား အိမ်ရာအပ်နှံခြင်းနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ခြင်းအခမ်းအနားတက်ရောက်

နေပြည်တော် ဇူလိုင် ၂၅

**ပြောင်းရွှေ့နေရာချထားမည့် ကျေးရွာများမှ အိမ်ထောင်စုဝင်များအား အိမ်ရာအပ်နှံခြင်းနှင့် လက်ဆောင်ပစ္စည်းများပေးအပ်ခြင်းအခမ်းအနားကို ဇူလိုင် ၁၆ရက်တွင် မြစ်ကြီးနားမြို့ အောင်မြင်သာ စံပြကျေးရွာခန်းမ၌ကျင်းပရာ ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးဝင်း တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။**

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ဆောင်ပစ္စည်းများ ပေးအပ်ကြပြီး ဒေသခံပြည်သူများကိုယ်စား ကျေးရွာနေပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

အခမ်းအနားအပြီးတွင် တိုင်းမှူးသည် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားသည်။

ဆက်လက်၍တိုင်းမှူးသည် မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့တက်ရောက်၍ အဖွင့်အမှာစကားပြောကြားကာ တာဝန်ရှိသူများ၏ လုပ်ငန်းပိုင်းဆိုင်ရာများနှင့် စပ်လျဉ်း၍ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် အောင်မြင်သာ စံပြကျေးရွာ အခြေခံပညာ မူလတန်းကျောင်းသို့သွားရောက်၍ ပညာသင်ကြားနေမှုကို ကြည့်ရှုစစ်ဆေးပြီး လက်ဆောင်ပစ္စည်းများ ပေးအပ်ကာ တွဲဖက်အခြေခံပညာ အထက်တန်းကျောင်း နှစ်ထပ်ကျောင်းဆောင်သစ်ဆောက်လုပ်မှုလုပ်ငန်းများကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တိုင်းမှူးသည် (၁၆) ခုတင်ဆံ့ဆေးရုံသစ် ဆောက်လုပ်မှုလုပ်ငန်း၊ ယာယီဆေးကုသခန်းများဖွင့်လှစ်ဆေးကုသနေမှုနှင့် မြစ်ကြီးနား-တနဲဖဲလမ်းပိုင်း လမ်းခင်းခြင်းလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်းသတင်းရရှိသည်။(သတင်းစဉ်)

# ဝန်ကြီး ဦးမောင်ဦး လွိုင်ကော်နှင့် ဟိုပုံးမြို့နယ်တို့၌ ဝန်ထမ်းများနှင့်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၅

**ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနဝန်ကြီး ဦးမောင်ဦးသည် ဇူလိုင် ၁၇ ရက် မွန်းလွဲပိုင်းတွင် ကယားပြည်နယ် လွိုင်ကော်မြို့၌ ဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းများအားတွေ့ဆုံ၍ လက်ရှိနိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြီး ဝန်ထမ်းများ ဝန်ထမ်းစည်းကမ်းနှင့်အညီ ဝန်ထမ်းကောင်းဖြစ်အောင် ဆောင်ရွက်ရေး၊ အဂတိလိုက်စားမှုကင်းရှင်းအောင် ဆောင်ရွက်ကြရန် မှာကြားကာ ဝန်ထမ်းများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။**

ထို့နောက် ဝန်ကြီးသည် ကယားပြည်နယ် လွိုင်ကော်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံး၌ တပ်ဖွဲ့ဝင်မိသားစုများအား တွေ့ဆုံ၍ အားပေးစကားပြောကြားကာ လွိုင်ကော်အကျဉ်းထောင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ဝန်ကြီးသည် ဇူလိုင် ၁၈ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ် ဟိုပုံးမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး၌ ဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းများအား တွေ့ဆုံသည်။

ထို့နောက် ဝန်ကြီးသည် မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးသစ် လက်ခံရရှိရေးနှင့် ရုံးနေရာချထားမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**ကြည့်ရှုစစ်ဆေး**

**ပြည်ထဲရေးဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဦးမောင်ဦး ရှမ်းပြည်နယ် ဟိုပုန်းမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ရုံး၌ ကြည့်ရှု စစ်ဆေးစဉ်။**

(သတင်းစဉ်)

# မော်လ်ဒိုက်ဗ်နိုင်ငံ လွတ်လပ်ရေးနေ့ ဝန်ကြီး ဦးဉာဏ်ဝင်း သဝဏ်လွှာပေးပို့

**နေပြည်တော် ဇူလိုင် ၂၆**

၂၀၁၀ ခုနှစ် ဇူလိုင် ၂၆ ရက်တွင် ကျရောက်သော မော်လ်ဒိုက်ဗ် သမ္မတနိုင်ငံ၏ (၄၅)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ မော်လ်ဒိုက်ဗ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ အာမက်ရှာဟစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

# နေပြည်တော်မြန်မာ့အသံရေဒီယိုအစီအစဉ်

**(တနင်္လာနေ့-နံနက်-နေ့လယ်-ည)**

**၂၆-၇-၂၀၁၀**

| | | | |
|---|---|---|---|
| ၇း၀၀ | အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက် | ၁း၁၀ | ပညာရေးအစီအစဉ် (စတုတ္ထတန်းအခြေခံသိပ္ပံ) တေးပဒေသာ |
| ၇း၀၅ | တရားတော် (ဝါဆိုလပြည့်ဓမ္မစကြာနေ့ တရားတော်)ဥပုသ်နေ့နှိုးဆော်ချက် ဓမ္မပူဇာတေး | ၁း၃၀ | အစီအစဉ်ပြီး၏။ |
| ၇း၃၀ | (၃၈)ဖြာမင်္ဂလာ | ၄း၀၀ | အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ |
| ၇း၃၅ | နံနက်ခင်းတေးပဒေသာ | ၄း၃၀ | သောတရှင်လိုရာတေး |
| ၈း၀၀ | စံတော်ချိန်+သတင်း | ၅း၀၀ | သန့်စွမ်းကျန်းမာကိုယ်ခန္ဓာ (အသားလျှော့စားခြင်း၏ ကျန်းမာရေးအကျိုးကျေးဇူးများ) |
| ၈း၁၀ | ဝါဆိုတေးများ | ၅း၁၀ | ဇာနည်စစ်သည်တေးပန်းချီ |
| ၈း၃၀ | ဟောပြောချက် (ဓမ္မစကြာအခါတော်နေ့) နံနက်ခင်းတေးပဒေသာ | ၅း၂၅ | သတင်းစာဆောင်းပါး |
| ၉း၀၀ | နဝင်္ဂသီလပေးတရားတော် (ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ) | ၅း၃၅ | အင်္ဂလိပ်စာသုတ ပဒေသာ(၁၇) ညနေခင်းတေးပဒေသာ |
| ၁၀း၀၀ | အမှတ်တရတေးလက်ဆောင် | ၆း၀၀ | ညနေခင်းသတင်း |
| ၁၀း၃၀ | သတင်းစာအာဘော် | ၆း၁၀ | တေးချစ်သူရွေးသီတေးပန်းချီ တေးပဒေသာ |
| ၁၀း၃၅ | တေးပဒေသာ | ၇း၀၀ | နိုင်ငံတကာသတင်း |
| ၁၀း၄၅ | လယ်ယာစီးပွား (ငရုတ်စိုက်ပျိုးဝင်ငွေတိုး) တေးသီချင်း | ၇း၁၀ | မြတ်ဘုရားရွှေတိဂုံ (ပထမပိုင်း) သီတဂူဆရာတော် အရှင်ဉာဏိဿရ နိုင်ငံရေးဦးတည်ချက် |
| ၁၁း၀၀ | နေ့လယ်ခင်းသတင်း | ၈း၀၀ | ပြည်တွင်းသတင်း |
| ၁၁း၁၀ | မေတို့တွက်တာအလှကမ္ဘာ (ဝဿန်ချိန်ခါ သတိပြုရမဲ့အချက်များ) | ၈း၂၀ | မြတ်ဘုရားရွှေတိဂုံ (ဒုတိယပိုင်း) သီတဂူဆရာတော် အရှင်ဉာဏိဿရ စီးပွားရေး ဦးတည်ချက် |
| ၁၁း၂၀ | နေ့လယ်ခင်းတေးပဒေသာ | ၉း၀၀ | သီချင်းကြီး လူမှုရေးဦးတည်ချက် |
| ၁၁း၃၀ | သိပ္ပံပညာသိကောင်းစရာ (စုစည်းဆိုလာပါဝါ SPထုတ်ယူခြင်း) | ၉း၁၅ | ခံစားနားဆင် မြန်မာတေးသံစဉ် |
| ၁၁း၄၀ | တေးပဒေသာ | ၉း၂၀ | ခေတ်ဟောင်းတေး မင်းကွန်းဆရာတော်ကြီး၏ အရပ်(၁၀)မျက်နှာ မေတ္တာဘာဝနာတရားတော် |
| ၁၂း၀၀ | စံတော်ချိန် -တရားတော် (ဓမ္မစကြာအခါတော်နေ့ တရားတော်) | ၁၀း၀၀ | အစီအစဉ်ပြီး၏။ |
| ၁၂း၂၀ | တေးပဒေသာ | | |
| ၁၂း၃၀ | အားကစားသတင်းပဒေသာ | | |
| ၁၂း၄၀ | နေ့လယ်ခင်းတေးပဒေသာ | | |
| ၁း၀၀ | မွန်းလွဲပိုင်းသတင်း | | |

# ဝန်ကြီး ဦးခင်မောင်မြင့် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းနှင့် ကုမ္ပဏီ(၆)ခုတို့၏ စာချုပ်ချုပ်ဆိုပွဲ အခမ်းအနားသို့ တက်ရောက်အားပေး

နေပြည်တော် ဇူလိုင် ၂၅

**အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်သည် ဇူလိုင်၂၄ရက် ည ၇ နာရီတွင် နေပြည်တော်ရှိ ဝန်ကြီးရုံး ခန်းမဆောင်၌ ကျင်းပသော မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းနှင့် ကုမ္ပဏီ(၆)ခုဖြစ်သော United National Oil & Gas Pte., Ltd. (UNOG)၊ Central China Power Grid International Economic & Trade Co., Ltd. (CCPG)၊ Bawa Trading Pte., Ltd. and Barons Machinery Engineering Pte., Ltd. (BME)၊ Gunkul Engineering Public Co., Ltd.၊ International Integrated Business Co., Ltd. တို့အကြား ချုပ်ဆိုသည့် စာချုပ်ချုပ်ဆိုပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။**

အဆိုပါစာချုပ်ချုပ်ဆိုပွဲ အခမ်းအနားသို့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်း၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးတင်နိုင်သိန်း၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ကုမ္ပဏီ(၆)ခုတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဝန်ကြီး ဦးခင်မောင်မြင့်က အမှာစကားပြောကြားပြီး ကုမ္ပဏီများကိုယ်စား International Integrated Business Co., Ltd. အုပ်ချုပ်မှုဒါရိုက်တာ ဦးဇော်ဦးဟန်က ကျေးဇူးတင်စကား ပြောကြားသည်။

**လက်မှတ်ရေးထိုး**

ယင်းနောက် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်သန်းဦးနှင့် ကုမ္ပဏီ(၆)ခုတို့မှ အုပ်ချုပ်မှုဒါရိုက်တာများက ချောင်းကူးဓာတ်အားခွဲရုံ၊ မြောက်ပြင်ဓာတ်အားခွဲရုံနှင့် ဗန်းမော်ဓာတ်အားခွဲရုံတို့၏ လိုအပ်သောပစ္စည်းများ ဝယ်ယူရန်အတွက် သဘောတူစာချုပ်များကို လက်မှတ်ရေးထိုးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**သက်ရှိလောက တည်မြဲဖို့**
**သဘာဝတောတွေ ထိန်းသိမ်းစို့**

# ကြွက်ကာကွယ်နှိမ်နင်းရေး နှိုးဆော်ချက်

မိုးဦးအစတွင် ရိုးမများအတွင်း မှီခိုနေထိုင်သော ကြွက်ဝမ်းဖြူများသည် မျိုးပွားနှုန်း မြင့်မားလာခြင်း၊ ဒေသနှင့် ဝါးမျိုးကွဲအလိုက် ဝါးပန်းပွင့်ခြင်း၊ ဝါးသုဉ်းခြင်းတို့ကြောင့် ရိုးမအတွင်း အစားအစာရှားပါးလာသဖြင့် စပါးပျိုးခင်းနှင့် စိုက်ခင်းများရှိရာမြေပြန့်သို့ အုပ်စုလိုက် ရွှေ့ပြောင်း၍ ပျိုးခင်းမှ စပါးစေ့နှင့် ပျိုးပင်ငယ်များကို စားသောက်ဖျက်ဆီးနိုင်ကြောင်း နှိုးဆော်အပ်ပါသည်။

ကြွက်ကျရောက်ဖျက်ဆီးပါက အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ကြရန် ဖြစ်ပါသည်-

- လူနေအိမ်နှင့် စိုက်ခင်းများတွင် ကြွက်ခိုအောင်းနိုင်သော နေရာများအား သန့်ရှင်းရေး ဆောင်ရွက်ခြင်း၊
- ကြွက်ကျင်းများ တူးဖော်နှိမ်နင်းခြင်း၊
- ကြွက်ကျင်းများထဲသို့ မီးခိုးမှိုင်းတိုက်ခြင်း၊ ရေလောင်းထည့်ခြင်း၊
- တစ်ကွင်းတစ်စပ်တည်းတွင် လူထုလှုပ်ရှားမှုအသွင်ဖြင့် ခြောက်လှန့်ရှာဖွေဖမ်းဆီးခြင်း၊
- ထောင်ချောက်အမျိုးမျိုး အသုံးပြုနှိမ်နင်းခြင်း၊
- လိုအပ်ပါက ကြွက်သတ်ဆေးချ၍ ကာကွယ်နှိမ်နင်းခြင်း၊

အကူအညီလိုအပ်ပါက နီးစပ်ရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းဌာနများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြရန် နှိုးဆော်အပ်ပါသည်။

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# တောင်ကြီးမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ထောက်ပံ့ကြေးများပေးအပ်

**တောင်ကြီး ဇူလိုင် ၂၅**

တောင်ကြီးမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့၏ အသက်(၇၀)အထက် သက်ကြီး စစ်မှုထမ်းဟောင်းများနှင့် စည်းရုံးရေးမှူးများ၊ ၂၀၀၉-၂၀၁၀ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရကျောင်းသားနှင့် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်ခြင်း အခမ်းအနားကို ဇူလိုင် ၈ရက် မွန်းတည့် ၁၂ နာရီက အေးသာယာမြို့ စစ်မှုထမ်းဟောင်းရုံး၌ကျင်းပရာ မြို့နယ်စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးခင်မောင်ဝင်း(ငြိမ်း) နှင့် ကော်မတီဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပညာသင်ဆုနှင့် ထောက်ပံ့ကြေးရယူကြမည့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြပြီး မြို့နယ်ဥက္ကဋ္ဌကထောက်ပံ့ကြေးနှင့် ပညာသင်စရိတ်များပေးအပ်ခြင်းကိုရှင်းလင်းပြောကြားကာအသက်(၇၀)အထက် သက်ကြီးစစ်မှုထမ်းဟောင်း ၅၅ဦး၊ သုံးဘာသာဂုဏ်ထူးဖြင့် အောင်မြင်သည့် ကျောင်းသားတစ်ဦး၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သည့် ကျောင်းသားခုနစ်ဦးတို့အား ဂုဏ်ပြုငွေများ ပေးအပ်ချီးမြှင့်ကြသည်။(ကြေးမုံ)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၂၆-၇-၂၀၁၀ (တနင်္လာနေ့)**

AM & PM

၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ရတနသုတ်
၅း၁၅ MRTV-4 သတင်း
၆း၀၀ "ဓမ္မစကြာ"တရားတော် (အောင်စကြာဆရာတော် အရှင်စန္ဒသိရီ)
၇း၀၀ MRTV-4 သတင်း
၇း၄၅ MRTV-4 ကာတွန်းအစီအစဉ်
၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၅၈)**
၈း၃၀ Sports World
၈း၅၅ ရှင်တော်မဟာမုနိ---- ဘဂဝါပူဇေမိ
၉း၀၅ ပရအကျိုးတို့သယ်ပိုးစို့
၉း၂၅ ဖူးကြတူပျော် တာဝတိံသာတက်ပွဲတော်
၉း၄၅ Global Panorama
၁၀း၅၅ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏ အဘိဓမ္မာ(၇)ကျမ်း သာသနာပြုမှတ်တမ်း
၁၁း၁၅ International Show Biz
၁၁း၂၅ နှစ်စဉ်ဝင်ငွေတိုးစေဖို့--- သစ်မွှေးစိုက်ကြစို့
၁၁း၄၅ ကျေးဇူးကြီးလှမိနှင့်ဖ (အကယ်ဒမီရဲအောင်၊ အကယ်ဒမီဇော်ဦး၊ ဦးဝင်းမြိုင်၊ကျော်ဇေယျ၊ အကယ်ဒမီမြတ်ကေသီအောင်၊ စိုးမိုးကြည်၊ မျိုးစန္ဒီကျော်၊ ပန်ဆုပြည့်ကျော်) (ဒါရိုက်တာ-ခာတ်ပုံရဲမြင့်လွင်)
၁၂း၂၀ စာအုပ်ပြခန်း (ဂျင်စင်းမြေရောက် ကင်ချီနေ့ရက်များစာအုပ်ရေးသားသူ Dr.နုမြတ်နှင့်တွေ့ဆုံခြင်း)
၁၂း၄၀ မိုးကောင်းညောင်ရမ်းကျောင်း မှတ်တမ်း
၁း၀၀ "ဓမ္မစကြာ"တရားတော် (အောင်စကြာဆရာတော် အရှင်စန္ဒသိရီ)
၂း၀၀ MRTV-4 သတင်း
၂း၄၅ Celebrity Choice(ရေဗက္ကဝင်း)
၃း၂၀ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏ အဘိဓမ္မာ(၇)ကျမ်း သာသနာပြုမှတ်တမ်း
၃း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၅၈)**
၄း၁၀ ဓမ္မတေးအစီအစဉ်
၄း၃၅ ရှင်တော်မဟာမုနိ---- ဘဂဝါပူဇေမိ
၄း၅၀ နေချင်စဖွယ်အိမ်အလှဆင်ကြမယ် (ခမ်းနားချမ်းအေးကမ္ဘာအေး ဗီလာထဲကအိမ်ကလေး)
၅း၂၀ ပရအကျိုးတို့သယ်ပိုးစို့
၅း၄၀ သီချင်းကောင်းကောင်း သီချင်းတောင်း
၆း၀၀ MRTV-4 သတင်း
၆း၂၀ International Show Biz
၆း၃၅ အနုပညာမိုးကောင်းကင်
၇း၀၀ စာအုပ်ပြခန်း (ဂျင်စင်းမြေရောက် ကင်ချီနေ့ရက်များစာအုပ်ရေးသားသူ Dr.နုမြတ်နှင့်တွေ့ဆုံခြင်း)
၇း၂၀ ဂီတသမားတို့ရဲ့ရင်ခုန်သံများ (တေးသံရှင် အောင်ဖြိုးနှင့်တွေ့ဆုံခြင်း)
၈း၀၀ MRTV-4 သတင်း
၈း၂၀ Celebrity Choice (ရေဗက္ကဝင်း)
၉း၀၅ အနုပညာမိုးကောင်းကင်
၉း၂၀ **MRTV-4ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၅၈)**
၁၀း၀၀ ဖူးကြတူပျော် တာဝတိံသာတက်ပွဲတော်
၁၀း၁၅ သီချင်းကောင်းကောင်း သီချင်းတောင်း
၁၀း၃၅ နေချင်စဖွယ်အိမ်အလှဆင်ကြမယ် (ခမ်းနားချမ်းအေးကမ္ဘာအေး ဗီလာထဲကအိမ်ကလေး)
၁၁း၀၀ ဂီတသမားတို့ရဲ့ရင်ခုန်သံများ (တေးသံရှင် အောင်ဖြိုးနှင့်တွေ့ဆုံခြင်း)
၁၁း၂၅ မိခင်လောင်းများအတွက်အာဟာရ (ဒေါက်တာလှကြည်)
၁၁း၃၅ Music Talk (မိဘမေတ္တာ)
၁၁း၄၅ မြန်မာတို့ရဲ့စွဲမက်ဖွယ်ရာ ထိုးမုန့်၊ လမုန့်အရသာ
၁၁း၅၅ ဒီဂျစ်တယ်ကတ္တားအစ စီထွာက
၁၂း၁၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၁း၀၀ အစီအစဉ်ပြီး။

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

# မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ တိုင်းမှူး ပိုလ်ချုပ်တင်ငွေ တက်ရောက်

နေပြည်တော် ဇူလိုင် ၂၅

**မန္တလေးတိုင်း မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ဇူလိုင် ၂၃ ရက် နံနက်ပိုင်းတွင် ပုသိမ်ကြီးမြို့နယ်ရှိ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး) ကျောင်းဝင်းအတွင်း၌ ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဖုန်းဇော်ဟန်၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)မှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။**

ရှေးဦးစွာ တိုင်းမှူးက အင်ကြင်းပင်နှင့် ခရေပင်တို့ကို စတင်စိုက်ပျိုးပေးပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများက သစ်ပင်ပျိုးပင်များကို စိုက်ပျိုးကြသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုတို့ကို လှည့်လည်ကြည့်ရှု အားပေးကြပြီး ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုဆုငွေများ ပေးအပ်သည်။

**စိုက်ပျိုး**

အဆိုပါသစ်ပင်စိုက်ပျိုးပွဲတွင် အင်ကြင်း၊ ကံ့ကော်၊ ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ ခရေ၊ မဟော်ဂနီ၊ မည်စည်၊ ယင်းမာ၊ တရုတ်တည်၊ ငုစပ်၊ ငုရွှေဝါ၊ သဘော်တည်၊ သရဖီ၊ ကုက္ကို၊ သပြေ၊ တရုတ်စံကား၊ ပုန်းညက်နှင့် ယူကလစ်စသည့် အပင်စုစုပေါင်း ၁၃၆၀ ကို စိုက်ပျိုးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ဘိလပ်မြေစက်ရုံ (ကျောက်ဆည်) အကြီးစားပြုပြင်မွမ်းမံပြင်ဆင်ရေး စာချုပ် ချုပ်ဆို

နေပြည်တော် ဇူလိုင် ၂၅

**အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့ကြွေထည်၊ မြေထည်လုပ်ငန်း ဘိလပ်မြေစက်ရုံ(ကျောက်ဆည်) အကြီးစားပြုပြင်မွမ်းမံပြင်ဆင်ရေးအတွက် စာချုပ်ချုပ်ဆိုပွဲအခမ်းအနားကို ဇူလိုင် ၂၁ ရက် နံနက် ၇ နာရီခွဲတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ အထွေထွေမန်နေဂျာများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Kunming De.Zhong Trading ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။**

အစီအစဉ်အရ မြန်မာ့ကြွေထည်၊ မြေထည်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးရီက စာချုပ် ချုပ်ဆိုရခြင်း ကိစ္စရပ်နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးရီနှင့်တရုတ်ပြည်သူ့သမ္မတနိုင်ငံ Kunming De.Zhong Trading ကုမ္ပဏီလီမိတက် Managing Director Mr. Na Kang တို့က စာချုပ်ကို လက်မှတ်ရေးထိုး၍ အပြန်အလှန် လဲလှယ်ကြသည်။

ယင်းနောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Kunming De.Zhong Trading ကုမ္ပဏီလီမိတက် Managing Director Mr. Na Kang က ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့ကြွေထည်၊ မြေထည်လုပ်ငန်း ဘိလပ်မြေစက်ရုံ (ကျောက်ဆည်) အကြီးစားပြုပြင်မွမ်းမံပြင်ဆင်ရေး အတွက် စာချုပ်ချုပ်ဆိုပွဲအခမ်းအနား တွင် မြန်မာ့ကြွေထည်၊ မြေထည် လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးရီနှင့် တရုတ်ပြည်သူ့သမ္မတ နိုင်ငံ Kunming De. Zhong Trading ကုမ္ပဏီလီမိတက် Managing Director Mr. Na Kang တို့ စာချုပ်တွင် လက်မှတ်ရေးထိုး၍ အပြန်အလှန် လဲလှယ်ကြစဉ်။**
(သတင်းစဉ်)

**ကြို့ပင်ကောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ဈေးအတွင်းရှိ ရေမြောင်းများအား ဈေးခေါင်းနှင့် ဈေးမိဈေးဖများ သန့်ရှင်းရေးဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးဇေယျာညီ ကြီးကြပ်ဆောင်ရွက်စဉ်။**
(မြို့နယ်စည်ပင်)



# ပဲခူးတိုင်းဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့် မိုးစပါးစိုက်ပျိုးပွဲ တက်ရောက်

**နေပြည်တော် ဇူလိုင် ၂၅**

ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်သည် ဇူလိုင် ၁၈ ရက် နံနက်ပိုင်းတွင် ပြည်မြို့ ဇီးအုပ်ကျေးရွာအုပ်စု၌ ကျင်းပသည့် မိုးစပါးစိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်ရာ တာဝန်ရှိသူတစ်ဦး၏ မိုးစပါးစိုက်ပျိုးပြီးစီးမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြချက်အပေါ် လိုအပ်သည်များ မှာကြားပြီး မိုးစပါးစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကာ ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ သဲကုန်းမြို့နယ် ဆင်မြီးဆွဲကျေးရွာ မိုးစပါးထွန်ယက်စိုက်ပျိုးနေမှုအခြေအနေများကို ကြည့်ရှုပြီး ပေါင်းတလည်ဘူတာ၌ တာဝန်ရှိသူတစ်ဦး၏ ရွှေတံခါး-ပေါက်ခေါင်း လမ်းပိုင်း သံလမ်းခင်းခြင်းပြီးစီးမှု အခြေအနေများ ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များ မှာကြား၍ လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းဒုတိယဥက္ကဋ္ဌသည် ပေါက်ခေါင်းမြို့နယ် ဗောဓိကုန်းကျေးရွာအုပ်စု၌ ကျင်းပသည့် မိုးစပါးစုပေါင်းစိုက်ပျိုးပွဲသို့ တက်ရောက်ပြီး မိုးစပါးစုပေါင်းစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ပေါက်ခေါင်းမြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ဆေးကုသမှုခံယူနေသော လူနာများအား လှည့်လည်ကြည့်ရှုအားပေးစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**ဇူလိုင် ၁၂ရက်က ပဲခူးမြို့ မြို့တွင်းကြီးရပ်ကွက်တွင် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ပဲခူးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ရီရီအောင်နှင့်အဖွဲ့ ရပ်ကွက်အတွင်း ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ရပ်ကွက်လုံးကျွတ် ရေစည်ရေကန်များအတွင်း ဆေးခတ်ခြင်းတို့ကို စုပေါင်းဆောင်ရွက်ကြစဉ်။** (ခရိုင်ပြန်/ဆက်)

**✳ ကျောဖုံးမှ**

ပညာရှင်များ လေ့လာတွေ့ရှိခဲ့ရသည်။ သာမိုစဖီးယားအလွှာသည် နှစ်ပေါင်း ၄၃ နှစ်တာကာလအတွင်း စံချိန်တင် ပမာဏအထိ ကျုံ့ဝင်နေသည်ကို တွေ့ရကြောင်း သုတေသီ ဂျွန်အမ်းမတ်က ပြောကြားသည်။

သာမိုစဖီးယားအလွှာသည် ကမ္ဘာမြေမျက်နှာပြင်အထက် ၅၅ မိုင်မှ မိုင် ၃၇၀ အကွာအဝေးအထိ တစ်နံတစ်လျား တည်ရှိသည်။ အဆိုပါအလွှာသည် ကမ္ဘာ့လေထုအဆုံးနှင့် အာကာသ စတင်သည့်နေရာနှင့် မဝေးကွာလှပေ။

သာမိုစဖီးယားအလွှာ၏ နယ်ပယ်အတွင်း ဥက္ကာပျံများ၊ မြောက်ဝင်ရိုးစွန်းအရပ်တွင် တွေ့ရသော အလင်းတန်းများကို တွေ့မြင်နိုင်ပြီး အာကာသ လွန်းပြန်ယာဉ်များသည် အာကာသအတွင်းသို့ ခရီးနှင်ရာတွင် ယင်းအလွှာကို ဖြတ်သန်းရသည်။ နိုင်ငံတကာ အာကာသစခန်းသည် ကမ္ဘာမြေပြင်အထက် ၁၇၃ မိုင်မှ ၂၈၆ မိုင်အမြင့်ရှိ အကွာအဝေးအတွင်း အာကာသပတ်လမ်းကြောင်းအတိုင်း လှည့်ပတ်လျက်ရှိသည်။

သာမိုစဖီးယားအလွှာ ထူးထူးခြားခြား ကျုံ့ဝင်မှုဖြစ်ပေါ်ရသည့် အကြောင်းတရားကို သိပ္ပံပညာရှင်များ နားမလည်နိုင်သေးဘဲ ရှိနေဆဲဖြစ်သည်။

သာမိုစဖီးယားအလွှာ ကျုံ့ဝင်မှုကြောင့် ကမ္ဘာ့ရာသီဥတုကို ထိခိုက်နိုင်ခြင်း မရှိကြောင်း၊ သို့ရာတွင် ဂြိုဟ်တုများနှင့် အာကာသအမှိုက်များ ရွေ့လျားမှုကို ပိုမိုနှေးကွေးသွားစေနိုင်ပြီး ယင်းအမှိုက်များ စုဝေးမှုကို ဖြစ်ပေါ်နိုင်ကြောင်း လေ့လာချက်အရ သိရသည်။ ***အင်တာနက်။***

# သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး



**သာယာဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် မြို့သာယာလှပရေးလုပ်ငန်းဖြစ်သည့် ရုံးရှေ့မြေခင်း အလှပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဇူလိုင် ၁၅ ရက်က ပဲခူးတိုင်း (အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်အောင်ဖြိုး ရှင်းလင်းတင်ပြစဉ်။**
(မြို့နယ်စည်ပင်)

# ထားဝယ်နည်းပညာတက္ကသိုလ်၌ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ရန်ကုန် ဇူလိုင် ၂၅**

ထားဝယ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ သစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၁၃ ရက် နံနက်ပိုင်းက ကျင်းပရာ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ နည်းပညာတက္ကသိုလ်(ထားဝယ်)မှ ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့အသီးသီးမှ အဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာမှ ပြည်သူများ စုစုပေါင်းအင်အား ၁၂၅၀ တို့ တက်ရောက်ကြပြီး ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှမျိုးက ပျိုးပင်များအား ခရိုင်အဆင့်ဌာနများ၊ မြို့နယ်အဆင့်ဌာနများ၊ ခရိုင်/မြို့နယ်အဆင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား ပေးအပ်ပြီး **(အောက်ပုံ)** ကျွန်း၊ ယူကလစ်၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ ကံ့ကော်၊ စိန်ပန်းစသည့် ပျိုးပင်ပေါင်း ၂၇၂၅ ပင်ကို တပျော်တပါး စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ (ခရိုင်ပြန်/ဆက်)



# ချည်မျှင်ရှည်ဝါ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ညှိနှိုင်းဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၂၅

**ချည်မျှင်ရှည်ဝါ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ညှိနှိုင်းဆွေးနွေးပွဲကို ဇူလိုင် ၂၃ ရက် ညနေ ၆ နာရီတွင် နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦး တက်ရောက် အမှာစကားပြောကြားသည်။**

ဆွေးနွေးပွဲသို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရှိ လုပ်ငန်းဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာ့စက်မှု သီးနှံဖွံ့ဖြိုးရေးလုပ်ငန်းနှင့် မြန်မာ့ဝါနှင့် ပိုးချည်လုပ်ငန်းတို့မှ အထွေထွေမန်နေဂျာများ၊ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်းနှင့် ပဲခူးတိုင်း(အနောက်ပိုင်း)တို့မှ တိုင်းမန်နေဂျာများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီးက အမှာစကားပြောကြားရာတွင် တစ်ဧကအထွက်နှုန်းကောင်းသည့် ငွေချည်(၆) ချည်မျှင်ရှည်ဝါကို ဝန်ကြီးဌာနမှ မျိုးပွား၍ ဝါတောင်သူများအား မျိုးပြောင်းလဲစိုက်ပျိုးစေခဲ့ရာ တစ်ဧက ဝါပိဿာ ၁၆၀၀ကျော် ထွက်ရှိနိုင်ကြောင်း၊ ယခုနှစ်တွင် ငွေချည်(၆) ချည်မျှင်ရှည်ဝါ ဧက ၆ ဒသမ ၉ သိန်း စိုက်ပျိုးရန် ရည်မှန်းဆောင်ရွက်လျက်ရှိရာ ရေသွင်းစိုက်ဧကများနှင့် ရေတော်မိုးတော်ဧကများတွင် ပျမ်းမျှအထွက်နှုန်း ပိဿာ ၁၀၀၀ အထက်ရရှိရေး စီမံဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် မြန်မာ့ဝါနှင့် ပိုးချည်လုပ်ငန်းမှ အထွေထွေမန်နေဂျာများနှင့် တိုင်းမန်နေဂျာများက အထွက်တိုးရေးအတွက် ဆောင်ရွက်သွားမည့် လုပ်ငန်းရပ်များကို တင်ပြကြရာ ဝန်ကြီးက လုပ်ငန်းဆိုင်ရာလိုအပ်ချက်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၂၆-၇-၂၀၁၀ (တနင်္လာနေ့)**
**၁၃၇၂ခုနှစ်၊ ဒုတိယဝါဆိုလပြည့်နေ့ (ဥပုသ်နေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော်ဟောကြားတော်မူသောဥပ္ပါတသန္တိပါဠိတော်
၇း၃၀ ၂။ နံနက်ခင်းသတင်း
၇း၄၀ ၃။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇း၄၅ ၄။ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့(အဖွဲ့ဝင်) ပဲခူးတိုင်း (အရှေ့ပိုင်း)ဒိုက်ဦးမြို့၊ လက်ပံတန်းကျောင်းဆရာတော် ဘဒ္ဒန္တသောဘိတ ဟောကြားတော်မူအပ်သော "ဓမ္မစကြာအခါတော်နေ့ တရားတော်"
၈း၁၅ ၅။ ဓမ္မပူဇာတေးအစီအစဉ်
၈း၄၀ ၆။ International News
၈း၄၅ ၇။ Islands Of Dhamma
၈း၅၀ ၈။ ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ(အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊အဂ္ဂမဟာပဏ္ဍိတ)ဥက္ကဋ္ဌဆရာတော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ ဗန်းမော်ကျောင်းတိုက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းထံမှ နဝင်္ဂဥပေါသထသီလခံယူ ဆောက်တည်ခြင်း
၉း၀၀ ၉။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ ရန်ကုန်တိုင်း၊ အမှတ်(၃)အခြေခံပညာဦးစီးဌာန၊ ဆဋ္ဌမအကြိမ် ဓမ္မစကြာဝတ်ရွတ်ပူဇော်ပွဲ (ပထမဆု)အထက(၁)သန်လျင် (အမျိုးသားဝတ်ရွတ်အဖွဲ့)
၄း၄၀ ၃။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ -စတုတ္ထနှစ် (ဥပဒေပညာအထူးပြု) (ဥပဒေပညာ)
၄း၅၀ ၄။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၅၅ ၅။ ဝါဆိုလဘွဲ့တေးများ
၅း၀၅ ၆။ ဝါဆိုမိုးဆမ်းကန်တော့ပန်း (တိပိဋကနိကာယဥပဌာက အနုပညာအဖွဲ့)
၅း၁၅ ၇။ စစ်ကိုင်းဂုဏ်တင် ဆွမ်းဦးပုညရှင်
၅း၃၀ ၈။ မြန်မာတေးသံရှင်ရွေးချယ်ပွဲ
၆း၀၀ ၉။ ညနေခင်းသတင်း
၆း၁၅ ၁၀။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၁။ မြေကမ္ဘာမှတ်တမ်း
၆း၃၀ ၁၂။ ဆိုကြမယ်၊ပျော်ကြမယ်
၇း၀၀ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မဟာဆန်သူ--ကိုယ့်ချစ်သူ" (အပိုင်း-၂)**
၈း၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ တို့လက်တွေ့တွဲထား [M ဆိုင်း၊ တေးရေး-စိုးသီဟ(ရောင်စဉ်လှိုင်း)]
၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အဆိပ်သင့်တဲ့အချစ်" (ဒုတိယပိုင်း)(အပိုင်း-၁၂)**
၁၉။ "သုခမရင်ပြင်"
၂၀။ သီတဂူဆရာတော် ဘဒ္ဒန္တဉာဏိဿရ၏ ဓမ္မစကြာတရားတော်
၂၁။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်
၂၂။ အစီအစဉ်ပြီး၏။

## တပ်မတော်သား လူနာများအတွက် သွေးလှူဒါန်း

**နေပြည်တော် ဇူလိုင် ၂၅**

အမှတ်(၁) တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)၌ တက်ရောက် ဆေးကုသမှု ခံယူလျက်ရှိကြသော တပ်မတော်သား လူနာများအတွက် ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ပြည်ကြီးချမ်းသာ မဟာစေတီတော်(မြို့ဦးစေတီ)မှ ပြည်ကြီးချမ်းသာ စေတနာရှင် ပရဟိတကုသိုလ်တော် အသင်းဝင် ၅၀ တို့သည် ယမန်နေ့ နံနက် ၉နာရီတွင် အမှတ်(၁) တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)သို့ သွားရောက် သွေးလှူဒါန်းကြသည်။

သွေးလှူရှင်များအား အမှတ်(၁) တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀) တပ်မှူးကိုယ်စား ရောဂါဗေဒဌာန ဌာနမှူး ရောဂါဗေဒပါရဂူ ဒုတိယဗိုလ်မှူးကြီး ဒေါ်တင်မိုးမြက နှုတ်ခွန်းဆက် စကားပြောကြားပြီး ပြည်ကြီးချမ်းသာ စေတနာရှင် ပရဟိတကုသိုလ်တော် အသင်းကိုယ်စား ဦးဝေဖြိုးအောင်က သွေးလှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း၊ ရောဂါဗေဒပါရဂူ ဗိုလ်ကြီးအောင်ကိုသန်းက သွေးလှူရှင်နှင့်စပ်လျဉ်း၍ သည့်သိကောင်းစရာများကို လည်းကောင်း ရှင်းလင်းပြောကြားကြသည်။ ထို့နောက် တာဝန်ရှိသူတို့က သွေးလှူရှင်များအား လှည့်လည်ကြည့်ရှု အားပေးကြပြီး အာဟာရဒါန ကျွေးမွေးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ကယားပြည်နယ် ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဝင်းမြင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ တက်ရောက်

နေပြည်တော် ဇူလိုင် ၂၅

**ကယားပြည်နယ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၁၂ ရက် နံနက်ပိုင်းတွင် လွိုင်ကော်မြို့ သတ္တပလူကျေးရွာ လမ်းခွဲအနီး၌ ကျင်းပရာ ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဝင်းမြင့် တက်ရောက်၍ ဌာနဆိုင်ရာများ၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား ပျိုးပင်များပေးအပ်သည်။**

ထို့နောက် ပြည်နယ်ဥက္ကဋ္ဌက အထိမ်းအမှတ်ကျွန်းပင်ကို စိုက်ပျိုးပေးပြီး အခမ်းအနားတက်ရောက်လာကြသူများ၏ သစ်ပင်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးသည်။

ပြည်နယ်ဥက္ကဋ္ဌသည် ဇူလိုင် ၁၄ ရက်တွင် လွိုင်ကော်မြို့ မြို့တော်ခန်းမ၌ ကျင်းပသော သင်ကြားသင်ယူမှု အထောက်အကူပြု စာအုပ်များ ပေးအပ်လှူဒါန်းခြင်း အခမ်းအနားသို့ တက်ရောက် အမှာစကား ပြောကြားသည်။

အခမ်းအနားတွင် အလှူရှင်များက စာအုပ်များလှူဒါန်းရခြင်း၏အကြောင်းကို ရှင်းလင်းတင်ပြကြပြီး စာအုပ်များကို ပေးအပ်လှူဒါန်းရာ ပြည်နယ်ဥက္ကဋ္ဌက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**အမှတ်(၁) တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)၌ တက်ရောက် ဆေးကုသမှု ခံယူလျက်ရှိကြသော တပ်မတော်သားလူနာများအတွက် ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ပြည်ကြီးချမ်းသာမဟာစေတီတော် (မြို့ဦးစေတီ)မှ ပြည်ကြီးချမ်းသာ စေတနာရှင် ပရဟိတကုသိုလ်တော်အသင်းဝင် ၅၀တို့ သွေးလှူဒါန်းကြစဉ်။** (သတင်းစဉ်)



**ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ပန်းလှိုင်လမ်း သဇင်လမ်းသွယ်နေ ဦးဘိုကျော်-ဒေါ်ခင်ရီ မိသားစုက ဦးဘိုကျော်၏ အသက်(၈၀) ပြည့်မွေးနေ့ အထိမ်းအမှတ် ဘိုးဘွားများအား တစ်နေ့လုံးစာ အထူးအာဟာရ ကျွေးမွေးရန်နှင့် ငွေပဒေသာပင် ငွေကျပ် သုံးသိန်းငါးသောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်ရှိန်(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။**

(ကြေးမုံ)

## SHINE GROUP OF COMPANIES
## အိမ်ရာအဆောက်အအုံနှင့် နေထိုင်မှုပြပွဲ (၂၀၁၀)တွင် ပါဝင်ပြသ

**ရန်ကုန် ဇူလိုင် ၂၅**

SHINE GROUP OF COMPANIES (ရှိုင်းဆောက်လုပ်ရေး၊ အိမ်တွင်းအလှဆင်လုပ်ငန်း၊ Hyundai ဓာတ်လှေကားနှင့် ကောင်းမြတ်ဖော် အင်တာနေရှင်နယ်ကုမ္ပဏီ အိမ်ဆောက်ပစ္စည်း)သည် ယနေ့တွင် ဒုတိယနေ့အဖြစ် ရန်ကုန်မြို့ ဦးဝိစာရလမ်း တပ်မတော်ခန်းမ၌ ခင်းကျင်းပြသလျက်ရှိသော အိမ်ရာအဆောက်အအုံနှင့် နေထိုင်မှုပြပွဲ (၂၀၁၀)တွင် ပါဝင်ပြသလျက်ရှိသည်။ **(ဝဲပုံ)**




Shine Group of Companies သည် တိုက်ခန်းများကို အရစ်ကျ တစ်လ ခြောက်သိန်း၊ ကွန်ဒိုအခန်းများ အရစ်ကျ တစ်လ သိန်း၂၀ စီ ပေးသွင်းသည့် စနစ်ဖြင့် ဝယ်သူစိတ်တိုင်းကျ ဆောင်ရွက်ရောင်းချနေကြောင်း၊ မြို့လယ်ကောင် Show Room၊ ဘဏ်လုပ်ငန်းဖွင့်လိုသူများအတွက် ကားပါကင်ကျယ်ကျယ်ဖြင့် မဟာဗန္ဓုလပန်းခြံလမ်း၊ ဆူးလေဘုရားလမ်း တစ်ဝိုက်တွင် ဆောင်ရွက်ပေးနိုင်ကြောင်း၊ ၎င်းအပြင် မြေပိုင်ရှင်များအတွက် ရောင်းချခြင်း၊ အကျိုးတူဆောင်ရွက်ခြင်းများ၊ မြို့လယ်ရှိ အန္တရာယ်ရှိ အဆောက်အအုံနေ အိမ်ရှင်များအတွက် ပိုင်ဆိုင်မှုနှင့် ပတ်သက်ပြီး ချမှတ်ထားသော စည်းမျဉ်းများအတိုင်း နစ်နာမှုမရှိစေဘဲ အိမ်သစ်ဆောက်လုပ်ပေးခြင်း၊ ထို့အပြင် အရည်အသွေးမြင့် Hyundai (Korea) အမှတ်တံဆိပ် ဓာတ်လှေကားကိုလည်း တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် ဖြန့်ချိနေသည်။

ဆက်သွယ်ရန် ပြပွဲနောက်ဆုံးနေ့ ဇူလိုင်၂၇ရက်ထိအပြင် အမှတ်(၂၉) မြေညီထပ် ဂျိုးဖြူလမ်း ဂျိုးဖြူကွန်ဒို မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့တွင် ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

## ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်

**ရန်ကုန် ဇူလိုင် ၂၅**

ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ် စက်မှုဇုန် အပိုင်း(၃)ရှိ သစ်ဆန်း အကယ်ဒမီ ဖန်ချက်စက်ရုံနှင့် MYANMAR CHANCELLOR CONSTRUCTION CO., Ltd မှ ဦးအောင်ခြည်-ဒေါ်တင်လှိုင်နှင့်သား မန်နေဂျင်းဒါရိုက်တာ ဦးသိန်းထွန်းအောင် မိသားစုက မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ် ဘူးသီးကျင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ အလျားပေ ၉၀၊ အနံပေ ၃၀ရှိ RC အမျိုးအစားကျပ်သိန်း ၁၅၀ တန် ကျောင်းဆောင်သစ် တစ်ဆောင်ကို ဇူလိုင် ၁၈ရက်က မြို့နယ်ပညာရေးမှူးမှတစ်ဆင့် ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

ယခင်ကလည်း နွားထိုးကြီးမြို့မ အထက်တန်းကျောင်း၌ အလျားပေ ၃၃၀၊ အနံပေ ၃၀ရှိ RC အမျိုးအစား ကျပ်သိန်း ၁၆၀၀တန် တစ်ထပ်ကျောင်းဆောင်တစ်ဆောင်၊ ကဒေါင်းကျေးရွာ တွဲဖက်အလယ်တန်းကျောင်း၌ အလျားပေ ၁၁၀၊ အနံပေ ၃၀ရှိ ကျပ်သိန်း ၁၅၀တန် RC အမျိုးအစား ကျောင်းဆောင်သစ် တစ်ဆောင်၊ ၂၀၀၃မှ ၂၀၀၈ ခုနှစ်ထိ ခြောက်နှစ်ဆက်တိုက် နွားထိုးကြီးမြို့နယ် စာသင်ကျောင်းများအတွက် တစ်နှစ်လျှင် ဗလာစာအုပ် ဒါဇင်လေးထောင် လှူဒါန်းခဲ့သည်။

(၁၉)



## ကနီတွင် အုတ်ခုံတံတား တည်ဆောက်

**ကနီ ဇူလိုင် ၂၅**

ကနီမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းလုပ်ငန်းဖြစ်သော စံကားဝါလမ်းထိပ် အုတ်ခုံခံတံတားဆောက်ခြင်း လုပ်ငန်းအား ဦးစီးအရာရှိ ဦးတင့်လွင် ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံ အင်ဂျင်နီယာ ဦးကျော်ဆိုင်က ရှင်းလင်းတင်ပြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

## ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

အင်တာနက် အာကာသသိပ္ပံသတင်း ဘာသာပြန် - တက်လူ

## ကမ္ဘာ့လေထု၏ သာမိုစဖီးယားအလွှာ စံချိန်တင် ကျုံ့ဝင်နေသည်ကို တွေ့ရှိရ


ဝါရှင်တန် ဇူလိုင် ၂၅

**ကမ္ဘာ့လေထု၏ အပေါ်ပိုင်းအလွှာတစ်ခု စံချိန်တင်ပမာဏအထိ ထူးထူးခြားခြား ကျုံ့ဝင်နေသည်ကို အမေရိကန် သိပ္ပံပညာရှင်များ လေ့လာတွေ့ရှိရကြောင်း အမေရိကန် အာကာသအေဂျင်စီ(နာဆာ)က ဇူလိုင် ၂၃ ရက်တွင် ပြောကြားသည်။**

ကမ္ဘာ့လေထု၏ သာမိုစဖီးယား (thermosphere) အလွှာသည် ကျုံ့ခြင်းနှင့် ပြန့်ကားခြင်းတို့ ပုံမှန်အားဖြင့် ဖြစ်ပေါ်လေ့ရှိသည်။ သာမိုစဖီးယားအလွှာသည် လူတို့ကို ကျန်းမာရေးအရ ဘေးဥပဒ်ဖြစ်စေနိုင်သော ခရမ်းလွန်ရောင်ခြည်လှိုင်းများကို တားဆီးကာကွယ်ပေးသည်။

နေ၏ ရောင်ခြည်လှိုင်း ထုတ်လွှတ်မှုဆိုင်ရာ လှုပ်ရှားမှုများအရလည်းကောင်း၊ ကမ္ဘာ့လေထုအတွင်း ကာဗွန်ဒိုင်အောက်ဆိုဒ်စုဝေးမှုပမာဏ မြင့်တက်လာမှုများကြောင့်လည်းကောင်း သာမိုစဖီးယားအလွှာ၏ ကျုံ့ခြင်းနှင့် ပြန့်ကားခြင်းတို့ ဖြစ်ပေါ်လေ့ရှိသည်။ သို့ရာတွင် မကြာသေးမီက ယင်းအကြောင်းတရားနှစ်ရပ်ကြောင့် မဟုတ်ဘဲ သာမိုစဖီးယားအလွှာ မကြုံစဖူး ထူးထူးကဲကဲ ကျုံ့ဝင်နေသည်ကို အမေရိကန်သိပ္ပံ

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ✳**



**သာမိုစဖီးယားအလွှာအတွင်း နိုင်ငံတကာ အာကာသစခန်းယာဉ် တည်ရှိနေပုံကို တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

### မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၂၆-၇-၂၀၁၀)

| | |
|---|---|
| သံတွဲ | ၅ ဒသမ ၉၄ လက်မ |
| လောင်းလုံ | ၅ ဒသမ ၆၃ လက်မ |
| မာန်အောင် | ၄ ဒသမ ၃၇ လက်မ |
| တောင်ကုတ် | ၃ ဒသမ ၉၈ လက်မ |

## အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခု လှုပ်ရှား

**နေပြည်တော် ဇူလိုင် ၂၅**

ယနေ့ ညနေ ၃ နာရီ ၂၉ မိနစ် ၂၈ စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ အနောက်တောင်ဘက် မိုင် ၁၀၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ပုသိမ်မြို့၏ အနောက်တောင်ဘက် မိုင် ၃၀ ခန့်အကွာ) တစ်နေရာကို ဗဟိုပြု၍ အင်အားရစ်(ခ်ျ)တာစကေး ၄ ဒသမ ၂ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းရရှိသည်။

(သတင်းစဉ်)

**ဆောင်းပါး အညွှန်း**

**ဝါဆိုလသည် နွေတစ်ပိုင်း၊ မိုးတစ်ပိုင်း ရောနှောနေသော လရာသီဖြစ်ပြီး နွေနှောင်းကာလဖြစ်သည့်နည်းတူ မိုးဦးလလည်း ဖြစ်ပါသည်။ နွေလည်းမပီ၊ မိုးမမည်သေးသော စပ်ကူးမပ်ကူးကာလ၊ နွေလိုလို မိုးလိုလို မသဲမကွဲဖြစ်ပေါ်နေသော အခါသမယဖြစ်သည်နှင့်အညီ ကြည့်ရှုမြင်တွေ့ရသည်မှာ နွေနှင့်မိုး တစ်ဝက်စီခြယ်ထားသော နှစ်ရောင်ခြယ် နွေမိုးသရုပ်ဖော် ပန်းချီကားချပ်ကြီးသဖွယ် ကြည်နူးခံစားရမည်ဖြစ်သည်။**

တင်ထွဋ်(အစိုးရတိုင်းရင်းဆေး) ၏ (ဆောင်းပါး) **'ရာသီကရကဋ်၊ လမြတ်ဝါဆို၊ သံချိုနွတ်မြွက် ဓမ္မစက်'** စာမျက်နှာ - ၆